mgyoe.com

SAMPLE

လက်ရည်ကျော်

# တတိယအလင်းရောင်

ဝတ္ထုတိုစု

mgyoe.com

mgyoe.com SAMPLE BOOK



K0195

Cover Makeup : Thaw ThainGar

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ခင်ကံ့ကော်ကျော်
တန်ဖိုး - ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# တတိယအလင်းရောင်

ဝတ္ထုတိုစု

## လင်္ကာရည်ကျော်

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗေယျာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇ ၊ ၀၉ ၃၁၅၆၁၄၁၈ ၊ ၀၉၃၃၅၂၇၅၂၅
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

m g y o e . c o m
SAMPLE BOOK
m g y o e . c o m

mgyoe.com SAMPLE BOOK

# မာတိကာ


| | | | |
|---|---|---|---|
| ✱ | အမှာစာ | ... | ၉ |
| ၁။ | ထာဝရအိမ်ရှင်များ | ... | ၁၄ |
| ၂။ | အချစ်စစ်တို့၏ ပန်းတိုင် | ... | ၂၆ |
| ၃။ | တံခါးနှစ်ချပ်နှင့် အခန်း | ... | ၃၆ |
| ၄။ | တစ္ဆေထရိန်နှင် | ... | ၄၈ |
| ၅။ | အချစ်၏ ဒုတိယမြောက်အဓိပ္ပာယ် | ... | ၅၈ |
| ၆။ | အရိပ်ကို ရှာကြတဲ့အခါ | ... | ၇၄ |
| ၇။ | တိမ်တောက်ချိန် | ... | ၈၆ |
| ၈။ | ပဥ္စလက်တဲ့လား | ... | ၉၈ |
| ၉။ | အာယူးကြော်နှင့် ဖူးပိုက် | ... | ၁၁၀ |
| ၁၀။ | ဇီဝဖိုးမြို့မှာ | ... | ၁၂၀ |
| ၁၁။ | မိုးရေထဲမှာ | ... | ၁၃၀ |
| ၁၂။ | ကြာရိုးကလေးတန်းလန်း | ... | ၁၄၂ |
| ၁၃။ | ခါးကျိုးနေသော တံတားကလေး | ... | ၁၅၆ |
| ၁၄။ | ကြွေရုပ်ကလေး မလှတော့ရင် | ... | ၁၆၄ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မ တဲကြီးကုန်းကျေးရွာတွင် အဖ ဦးတင်ညွန့်၊ အမိ ဒေါ်မြရီတို့၏ ဒုတိယသား အဖြစ် ဖွားမြင်ခဲ့သည်။

ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး အ·ထ·က (၁) လမ်းမတော် (ယခင် စိန့်ပေါလ်ကျောင်း)၊ အမှတ် (၂) ဒေသကောလိပ် လှိုင်နယ်မြေနှင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်တို့တွင် ပညာသင်ကြားခဲ့သည်။

ကလေးအထူးကုဆရာဝန်ကြီး တစ်ဦး ဖြစ်ပြီး ပြည်တွင်း ပြည်ပမှ ဘွဲ့လွန်နှင့် ဒီပလိုမာ ၉ ခု ရရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်သို့ ပညာတော်သင်၊ လေ့လာရေးနှင့် ဆေးပညာ နှီးနှောဖလှယ်ရေး အစည်းအဝေး များ သွားရောက်ခဲ့သည်။

ပြည်တွင်း နေရာဒေသ အနှံ့အပြားတွင်လည်း ရာထူးအဆင့် အမျိုးမျိုး နှင့် တာဝန် ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၀၄ ခုနှစ်မှစ၍ လင်္ကာရည်ကျော် ကလောင်အမည်ဖြင့် ရသစာပေ များ ရေးသား ထုတ်ဝေခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော ပထမဦးဆုံး ဝတ္ထုရှည် **'ကြိုးကြာတောင်ပံခတ်သံ'** ဖြင့် အမျိုးသားစာပေဆုကို လူငယ်စာပေ ကဏ္ဍမှ ရရှိခဲ့သည်။ **'ကြိုးကြာတောင်ပံခတ်သံ'** ကို စင်ရော်ရုပ်ရှင်ထုတ်လုပ် ရေးမှ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးခဲ့ရာ ၂၀၀၉ ခုနှစ်အတွက် အကောင်း ဆုံး ဇာတ်ကားဆုနှင့် အကောင်းဆုံး ဇာတ်ညွှန်းဆု၊ အကယ်ဒမီ နှစ်ဆု ရရှိ ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် **'ကြိုးကြာတောင်ပံခတ်သံ'** ကို တက္ကသိုလ်များ မြန်မာစာအဖွဲ့က တတိယနှစ် ဝိဇ္ဇာဘွဲ့(မြန်မာစာ)အတွက် ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော ဒုတိယဝတ္ထုရှည် **'ဒေါက်တာရွှေသွေးနှင့် မယန်းမုံ့'** သည်လည်း အမျိုးသားစာပေဆုကို ဝတ္ထုရှည်ကဏ္ဍမှ ရရှိခဲ့သည်။

ယခုအထိ ဝတ္ထုရှည် ၁၀ ပုဒ်နှင့် ဝတ္ထုတို ၁၀၀ ကျော် ရေးသားခဲ့ပြီး ဝတ္ထုတိုပေါင်းချုပ်များလည်း ထုတ်ဝေခဲ့သည်။ 'ပန်းဒေါင်း'နှင့် 'နေဝင်အိပ်တန်းတက်' ဝတ္ထုရှည်နှစ်ပုဒ်ကို ကိုယ်တိုင် ဇာတ်ညွှန်းရေးသားခဲ့ပြီး ရုပ်ရှင်ကားကြီး ရိုက်ကူးနေဆဲ ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ကလေးကျန်းမာရေး ပညာပေးစာအုပ်များ ရေးသား ထုတ်ဝေခဲ့ပြီး **'မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်ရေးနည်းများ'** စာအုပ်နှင့် ၂၀၁၃ ခုနှစ်တွင် သုတစွယ်စုံ စာပေဆုကိုလည်း အသုံးချသိပ္ပံဘာသာရပ်ကဏ္ဍမှ ရရှိခဲ့သည်။

လူငယ်ပညာပေး ဆောင်းပါးများလည်း စဉ်ဆက်မပြတ် ရေးသားခဲ့သည်။

ဓမ္မဆောင်းပါးများလည်း ရေးသားထုတ်ဝေခဲ့သည်။

FM Bagan ရေဒီယိုတွင် 'စာရေးဆရာ ဆရာဝန်၏ အတွေးများ'ကဏ္ဍကို အပတ်စဉ် တင်ဆက်လျက် ရှိသည်။

ယခုအခါ ပါမောက္ခ၊ ဌာနမှူး၊ ကလေးကျန်းမာရေးပညာဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ တာဝန်ခံ ကလေးအထူးကုဆရာဝန်ကြီး၊ ကလေးဆေးရုံကြီး ရန်ကုန်နှင့်၊ ဥက္ကဋ္ဌ(ကလေးကျန်းမာပညာအဖွဲ့)၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း တာဝန်များ ထမ်းဆောင်ရင်း ရသ၊ သုတနှင့် ဓမ္မစာပေများ စဉ်ဆက်မပြတ် ရေးသားလျက် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"တတိယ အလင်းရောင်" ဝတ္ထုတိုများအတွက်

# အမှာစကား

ဆရာ့ဝတ္ထုတိုတွေ မဖတ်ရတာ ကြာပြီ။

သည်လို ပြောသည့် သူတွေတောင် ပြောရတာ မောကုန်ကြပြီ။ ကျွန်တော်က ဝတ္ထုတိုဘက် မလှည့်နိုင်သေး။

သိပ်မကြီးပါဘူး ဆိုသည့် ဝတ္ထုတိုဈေးကွက်မှာပင်လျှင် ကျွန်တော့် ဝတ္ထုတိုပေါင်းချုပ်တွေကို အကြိမ်ကြိမ် ပြန်ရိုက်ရသည်အထိ အားပေးခဲ့ကြသည့် ပရိသတ်ကြီး၏ စေတနာကို မသိ မဟုတ်။ သိပါသည်။ ကျေးဇူးလည်း တင်လှ ပါသည်။

သိလျက်နှင့် မရေးဖြစ်ခဲ့သည့် အကြောင်းက သုံးခု။

တစ်ခုက ဇာတ်လမ်း ရှားလာတာပါ။ ဝတ္ထုတိုတွေ စရေးတုန်းက တော့ ကိုယ်က ဆေးတက္ကသိုလ်တွေမှာ ဆရာအငယ် ဆိုတော့ လူငယ်တွေနှင့် လက်ပွန်းတတီး ရှိလှသည်။ သူတို့ဆီက ဇာတ်လမ်းတွေ ရသည်။ ဆေးတက္ကသိုလ် လေးခု ပတ်ပြောင်း၊ လူငယ်တွေ အများကြီးတွေ့၊ ဇာတ်လမ်းတွေ အများကြီး ရ၊ ဝတ္ထုတိုတွေ အများကြီး ထွက်။ သည်လိုနှင့်ပင် ၇ နှစ်အတွင်းမှာ ဝတ္ထုတို

mgyoe.com

mgyoe.com

SAMPLE BOOK


တစ်ရာကျော်သွားပြီး အားလုံးလည်း ဝတ္ထုတိုပေါင်းချုပ် ထွက်ပြီးသွားသည်။ ယခုတော့ အုပ်ချုပ်ရေးပိုင်း တာဝန်က ပိုများလာတော့ လူငယ်တွေနှင့် နည်းနည်း အလှမ်းကွာလာသည်။ ဇာတ်လမ်းတွေ ရှားလာသည် ဆိုပါစို့။

နောက်တစ်ခုကတော့ အချိန် ရှားလာတာပါ။ ဝတ္ထုတိုတွေ စရေးခါစက ကျွန်တော့်မှာ တာဝန်တွေ ယခုလောက် မများသေး။ ယခု လုပ်ပိုင်ခွင့်နှင့် တာဝန်တွေ များလာသောအခါ မိမိ လုပ်ပိုင်ခွင့် ဘောင်အတွင်းက အများအတွက် တာဝန်မကျေမှာစိုး၍ စိတ်ဖိစီးရတာတွေ၊ ကြိုးစားရတာတွေ များလာသည်။ တကယ် ဝါသနာအရင်းဖြစ်သော စာရေးခြင်းအလုပ်အတွက် အချိန်ပေးနိုင်တာ နည်းလာသည်။ မိမိပရိသတ်နှင့် ဝေးကွာသွားရမှာ စိုးရိမ်ရတာမျိုး ဖြစ်လာသည်။ အဲသလို အခါမျိုးမှာ ပရိသတ် ပို၍ မှတ်မှတ်ရရ ရှိနိုင်မည် ထင်သည့် ဝတ္ထုရှည်နှင့် တစ်ခါတစ်ရံ ရေးဖြစ်သော ရုပ်ရှင် ဇာတ်ညွှန်းကို ပိုအချိန်ပေးဖြစ်သည်။ တစ်နှစ် တစ်ခါ ထွက်နေကျ ဝတ္ထုရှည်တွေက ဆက်ထွက်နေပြီး တစ်နှစ် အပုဒ် နှစ်ဆယ်လောက် ထွက်နေကျ ဝတ္ထုတိုတွေက ကျဲသွားသည်။

တတိယမြောက်နှင့် အရေးအကြီးဆုံး တစ်ခုကတော့ နှလုံးသားက အိုသွားသည် ခေါ်ရမလား၊ ရင့်ကျက်သွားသည် ခေါ်ရမလား။ ညွတ်ပျောင်း ခံစားနိုင်စွမ်း အားနည်းသွားတာပါ။ တတိယအရွယ် ရောက်သွားခဲ့တာပေါ့။

တစ်ချိန်က 'ဒီရေကျချိန်' ဝတ္ထုတိုမှာ ကျွန်တော် ရေးခဲ့ဖူးသလို တတိယအရွယ် ရောက်လာ၍ တော်ရုံ တန်ရုံနှင့် မခံစားတတ်တော့ခြင်းကို အမှောင်ဟု ယူလျှင် ရသလို အလင်းရောင်ဟု ယူလျှင်လည်း ရသည့်သဘော လေးကိုတော့ သတိထားမိသည်။ သည်အလင်းရောင်ကို ပထမအရွယ်၊ ဒုတိယ အရွယ်တွေကတည်းက ရခဲ့လျှင် ကျွန်တော့်ဘဝ ဘယ်လောက် မြတ်ခဲ့လိမ့်မလဲ ဆိုတာလည်း တွေးမိလာသည်။ လူငယ် စာဖတ်ပရိသတ်ကိုလည်း အဲသည် အလင်းရောင် ရစေချင်လာသည်။

ဒါနှင့်ပဲ အဲသည် ဝတ္ထုတို အရေးကျဲသည့် ကာလအတွင်းမှာ ရှားရှား ပါးပါး ရေးခဲ့ဖူးသော ဝတ္ထုတို၊ ဝတ္ထုလတ် ၁၅ ပုဒ်ကို စုစည်း၍ 'တတိယ အလင်းရောင်' ဝတ္ထုတိုများအဖြစ် စာဖတ်ပရိသတ်ဆီ တင်ပြလိုက်တာပါ။

သည်ထဲက 'အချစ်၏ ဒုတိယမြောက် အဓိပ္ပာယ်' ဝတ္ထုတိုမှာ ပထမ အရွယ်တုန်းက ကျွန်တော့်ဘဝမှာ ပထမဦးဆုံး ရေးခဲ့သော ဝတ္ထုတို ဖြစ်၍

mgyoe.com

 SAMPLE BOOK 

'လက်ာရည်ကျော်' ၏ ငယ်မူလက်ရာတို့ကို ခံစားကြည့်ချင်သူ ပရိသတ်တို့ နှစ်သက်လိမ့်မည် ထင်ပါသည်။

'ပဥ္စလက်တဲ့လား' ဝတ္ထုတိုသည် ဒုတိယအရွယ်တွင် ကျွန်တော် ရေးခဲ့သော ဝတ္ထုတို ဖြစ်ပြီး စာပေစိစစ်ရေး ရှိသည့် ခေတ်တုန်းက တစ်ပုဒ်လုံးနီးနီး ဆင်ဆာအဖြတ်ခံခဲ့ရသဖြင့် ယခုမှ ထည့်နိုင်တာပါ။

ကျန်ဝတ္ထုတိုတွေကတော့ 'တတိယ အလင်းရောင်'များပါ။ အဲသည်ထဲကမှ ကျွန်တော် နောက်ဆုံး ရေးခဲ့သည့် 'ကြွေရုပ်ကလေး မလှတော့ရင်' ဝတ္ထုလတ်မှာ ကျွန်တော့်ဘဝမှာ ရေးဖူးသည့် တစ်ပုဒ်တည်းသော မဂ္ဂဇင်း ဝတ္ထုရှည် အစအဆုံး ဖြစ်ပါသည်။

ဝတ္ထုတိုတွေ ဆက်ရေးနိုင်ဖို့ ကြိုးစားပါဦးမည်။

ဆန္ဒမွန်ဖြင့်
လက်ာရည်ကျော်
(၁၄-၁၂-၂၀၁၅)

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# ထာဝရအိမ်ရှင်များ

(၁) ၁၉၉၁ ခုနှစ်

အောင်မြင်မှု တစ်ခုနှင့် အမေ့အိမ် ပြန်ခဲ့ရသော်လည်း အိမ်ပြန် မျက်နှာပန်းမလှ။

သား လေးယောက်မှာ ကျွန်တော် တစ်ဦးတည်းသာ ပညာထူးချွန်၍ ဆရာဝန် ဖြစ်ခဲ့သည်မို့ မိဘတွေက ကျွန်တော့်ကို တော်တော်အားထားသည်။ ဖေဖေတို့၊ မေမေတို့ ထင်ထားသလိုလည်း ဆရာဝန်ဖြစ်ရုံနှင့် မိဘ ညီအစ်ကို မောင်နှမတွေကို တာဝန်ယူနိုင်သောခေတ် မဟုတ်တော့ကြောင်း ရှင်းပြသော်လည်း ဖေဖေနှင့် မေမေက သိပ်အစာမကြေ။

ကျွန်တော်ကလည်း ဆေးခန်းထိုင်၊ ဝင်ငွေ တိုးပွားအောင်လုပ်၊ ပင်စင်စား ဖြစ်နေပြီဖြစ်သော မိဘနှစ်ပါးနှင့် ယိုင်နဲ့စွာ အိမ်ထောင် ထူထောင်ထားကြသော ညီအစ်ကိုများကို တစ်ဖက်တစ်လမ်းက ထောက်ပံ့ဖို့ထက် ကိုယ့်ဘဝလမ်းကြောင်း ကို ကိုယ် ရည်ရွယ်ထားသည့်အတိုင်း ဖြောင့်ဖြောင့်လျှောက်နိုင်ဖို့ အလုပ်ဝင်၊ နယ်စွန်နယ်ဖျား ရှေ့တန်းပါ မကျန် လှည့်လည်သွားလာရင်း ဘွဲ့လွန်စာမေးပွဲ ဖြေဖို့ ပြင်ဆင်နေခဲ့သည်။

mgyoe.com

ဖေဖေတို့၊ မေမေတို့ ကျန်းမာရေးရော စီးပွားရေးပါ ယိုင်နဲ့နေကြပြီကို မသိတာ မဟုတ်။ သိသိကြီးနှင့် ကိုယ်နှင့်ပဲ မဆိုင်သလိုလို၊ အတူတူနေနေကြသည့် အိမ်ထောင်ရှိ၊ အိမ်ထောင်မရှိ ညီအစ်ကိုတွေမှာပဲ တာဝန်ရှိသလိုလို ဟန်ဆောင်နေမိခဲ့ခြင်းသာ ဖြစ်သည်။

သည်ကြားထဲမှာ အိမ်ထောင်ပြုချိန်တန်ပြီဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ပြီး အိမ်ထောင်က ပြုလိုက်သေးသည်။ မိဘအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်အောင် အကျဉ်းချုံး မင်္ဂလာဆောင်ဖြစ်ခဲ့သော်လည်း သားဆရာဝန်ဆီက မိဘနှစ်ပါး အိုမင်းမစွမ်းချိန်တွင် ပံ့ပိုးစောင့်ရှောက်မှုကို မျှော်လင့်ထားသော မိဘများကို 'ကျွန်တော်လည်း ကျွန်တော့်ဘဝလျှောက်ဖို့ ဆက်လုပ်မှာ' ဟု တုံးတိတိ ပြောထည့်လိုက်သလိုပင်။

အိမ်ထောင်ကျပြီး မကြာခင်ပင် ယောက္ခမများ ရှိရာ မြို့သို့ တာဝန်ကျသည်။ ယောက္ခမအိမ်မှာပဲ ကပ်နေသည်။ ဆေးခန်းမထိုင်ဘဲ စာပဲ ထိုင်ကျက်နေသော သမက်ကို ယောက္ခမက အပြစ်မမြင်ရှာပါ။ သမီးရော မြေးကိုပါ စောင့်ရှောက်ပေးရှာပါသည်။ အဲသည်အချိန်မှာ ကျွန်တော် ကလေးအထူးကုဘွဲ့လွန် မဟာသိပ္ပံဝင်ခွင့် စာမေးပွဲ အောင်မြင်ခဲ့သည်။

လက်ထဲမှာ ဘာမှ စုဆောင်းထားတာ မရှိသဖြင့် ရန်ကုန်ပြန် ဘွဲ့လွန်တက်ဖို့ ကျွန်တော် တော်တော်အခက်အခဲ ရှိခဲ့ပါသည်။ မိသားစု ခေါ်သွားပြီး အခန်းတစ်ခန်း ငှားနေမည် ဆိုလျှင် ဘယ်လို စားသောက်ကြမှာလဲကို နောက်ထား၊ တင်စရာ စပေါ်ငွေတောင် မရှိပါ။ မိဘကလည်း အလုပ်ရှိစဉ်က ရထားသော တိုက်ခန်းကျယ်ကို ပြန်အပ်လိုက်ရပြီ ဖြစ်၍ ကန်ထရိုက်တိုက်ခန်း ကျဉ်းကျဉ်းကလေးကို သား နှစ်၊ ချွေးမ တစ်၊ မြေး တစ်တို့နှင့် ပြောင်းရွှေ့နေရင်းတန်းလန်းမို့ ကိုယ်တွေ တက်လာမှာကို ဘယ်လိုမှ ဝမ်းသာနိုင်ကြမှာ မဟုတ်ပါ။

နောက်ဆုံးတော့ ယောက္ခမကို သမီးရော မြေးပါ ပြန်အပ်ပြီး မိဘအိမ် ဖွတ် တစ်ယောက်တည်း တက်ရပါတော့သည်။

ကျပ်တည်းနေသော မိဘကို တစ်လှည့်ပြန် တာဝန်မယူနိုင်သည့်အပြင် ပိုကျပ်တည်းအောင် လုပ်သလိုပါပဲ။

ဒါကြောင့် ပြောတာပေါ့။

mgyoe.com

mgyoe.com  SAMPLE BOOK 

အောင်မြင်မှု တစ်ခုနှင့် အမေ့အိမ် ပြန်ခဲ့ရသော်လည်း အိမ်ပြန်မျက်နှာပန်းမလှပါ… ဟု။

အဲသည်တစ်ခေါက် အမေ့အိမ် ပြန်အတက်တွင် 'ကောင်မကလေး' နှင့် တွေ့သည်။

♦

'ကောင်မကလေး' ဆိုတာက အမေတို့ ပြောင်းလာသည့် တိုက်ခန်းမျက်နှာချင်းဆိုင်တိုက်က ၁၂ နှစ် သမီးလေးပါ။

သူ့မေမေက ဆေးတက္ကသိုလ် ပထမနှစ်မှာ စာသင်ခဲ့ဖူးသော ဆရာမကြီးဖြစ်ပေမယ့် ကျွန်တော် ၂၉ နှစ်အရွယ် ဆရာဝန် ချွတ်တားကို မနက်ဖြန်သန်ဘက်ခါပဲ ကလေးအထူးကုဆရာဝန်ကြီး ဖြစ်တော့မည်ပုံ လေးလေးစားစား 'ဆရာ'ဟု ခေါ်သည်။

"သမီးကိစ္စ တိုင်ပင်ချင်လို့ ဆရာ"

"ရပါတယ် မမ၊ သမီးက ကြည့်ရတာတော့ နေကောင်းနေသားပဲ၊ ဘာဖြစ်လို့လဲ"

"သာလာဆီးမီးယားပါ ဆရာ"

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သာလာဆီးမီးယား (Thalassaemia) ရောဂါအကြောင်း သိဖို့တော့ ကျွန်တော် ကလေးအထူးကု ဖြစ်သည်အထိ စောင့်စရာ မလိုပါ။ ဒါ ကျွန်တော်တို့ ဆေးကျောင်းသားဘဝကတည်းက သင်ရသော ရောဂါပါ။

သို့ရာတွင် ကျွန်တော် သိထားသည့် သာလာဆီးမီးယားရောဂါက မွေးခါစ အသက် သုံးလအရွယ်လောက် ရောက်ကတည်းက ရောဂါလက္ခဏာများ စ၍ ထင်ရှားစွာ ပေါ်တတ်သော မျိုးရိုးလိုက်သည့် သွေးအားနည်းရောဂါတစ်ခု ဖြစ်သည်။ သွေးက အကြိမ်ပေါင်းများစွာ သွင်းနေရမည်။ မျက်နှာက နဖူးမောက်မောက်၊ ပါးရိုးမောက်မောက် (Thalassaemic facies) ဟု ခေါ်သည့် ရောဂါလက္ခဏာ အသွင်အပြင်တွေ ပေါ်နေမည်။

ယခုတော့ ကောင်မကလေးက တော်တော်လှသော အပျိုပေါက်ကလေးပါ။

mgyoe.com

"သွေးမသွင်းရဘူးလား မမ"

"ဟိုးငယ်ငယ်ကတော့ သွင်းရတယ်။ မသွင်းရတာ ဆယ်နှစ်ကျော် နေပြီ။ သမီးလည်း ဆရာ မြင်တဲ့အတိုင်း နေကောင်းနေတာပဲ။ အဲဒါ ငယ်ငယ် တုန်းက စစ်ခဲ့တာ မှားနေမှာစိုးလို့ တစ်ခေါက် ပြန်စစ်ကြည့်ရကောင်းမလားလို့ ဆရာနဲ့ တိုင်ပင်တာပါ"

မိခင်တစ်ယောက်ကို ကူညီခွင့်ရပြီ။ ကောင်းတာပေါ့။

ကိုယ့်မိဘအပေါ် ကိုယ် တာဝန်မကျေခဲ့တာတွေ များခဲ့သမျှ ကလေး အထူးကုဆရာဝန်ဘဝတွင် သူများ မိဘတွေကို တတ်နိုင်သလောက် ကူညီမည် ဟု သန္နိဋ္ဌာန်ချထားခဲ့လေရာ ဒါ အခွင့်အရေး အစပေါ့။

ကလေးဆေးရုံကြီးမှာ ကိုယ့်ကို စာသင်ပေးနေသော ဆရာကြီးတစ်ဦး။ ရန်ကုန် ပြည်သူ့ဆေးရုံကြီး သွေးဗေဒဌာနမှ ရောဂါဗေဒ ဆရာဝန်ကြီးတစ်ဦး တို့ကို ချဉ်းကပ် ဆွေးနွေး၍ လိုအပ်သော စစ်ဆေးချက်များ ထပ်လုပ်ပေးသည်။

အဖြေက သာလာဆီးမီးယားပါပဲ။

"သာလာဆီးမီးယား ဆိုရင် အခု ဘာလို့ လက္ခဏာတွေ တစ်ခုမှ မရှိတော့ရတာလဲ ဟင် မမ"

ရောဂါဗေဒဆရာဝန်ကြီးကို မေးကြည့်တော့ ဆရာဝန်ကြီးက ပြုံးသည်။

"အင်တာမီဒီယာ (Intermedia) ဆိုတာ အဲဒါကို ခေါ်တာပေါ့ကွဲ့။ ကိုယ်ထဲမှာ ရှိနေတာက မေဂျာ (Major)၊ ရောဂါလက္ခဏာက မပေါ်ဘူး ဆိုတော့ မိုင်နာ (Minor) လို ဖြစ်သွားတာ။ ဘာမှလုပ်ဖို့ မလိုတော့ဘူး။ ကလေးကံပေါ့ကွယ်"

ကောင်းလိုက်တာ။

သာလာဆီးမီးယား ရှိသည့် ကလေးတိုင်း အင်တာမီဒီယာ ဖြစ်ကြပါ စေဟု ပြည့်မှာ မဟုတ်မှန်း သိလျက်နှင့် ဆုတောင်းမိသည်။

မိခင်တို့ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြစေချင်လွန်းလို့ပါ။

♦

## (၂) ၂၀၀၄ ခုနှစ်

ပြည်တွင်း ဘွဲ့လွန်သာမက ပြည်ပဘွဲ့လွန်လည်း ရခဲ့ပြီး ကလေးအထူးကု ဆရာဝန်ကြီး တစ်ဦး ဖြစ်ခဲ့ပြီ။ အိမ်ထောင်သက် ၁၅ နှစ်မှာ ကိုးနှစ် ခွဲနေခဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


ရသော ဖနီး၊ သားနှင့် သမီးတို့ကိုလည်း ရန်ကုန်မှာ ခေါ်၍ အတူနေနိုင်ခဲ့သည်မှာ ငါးနှစ် ရှိပြီ။

မိဘအပေါ်တော့ အင်တိုက်အားတိုက် တာဝန်မကျေနိုင်သေး။ ဖေဖေက ကျွန်တော် နိုင်ငံခြား ပညာတော်သင် သွားစဉ်မှာပင် မျက်စိကွယ်သွားသည်။ မေမေကလည်း ကျန်ညီအစ်ကိုတွေ၏ အိမ်ထောင်ရေးပြဿနာတွေကြားမှာ စိတ်ဆင်းရဲ၊ လူဆင်းရဲ နေနေရသည်။ ကျွန်တော်ကတော့ ခပ်လှမ်းလှမ်းကနေ ထောက်ပံ့နေနိုင်ပြီ ဖြစ်သော်လည်း အမေ့မျက်ရည်ကိုတော့ မသုတ်နိုင်သေး။

သည့်ပြင် အမေတွေ၏ မျက်ရည်ကို မနားတမ်း သုတ်နေရသည်။

ကောင်မကလေးကတော့ အပျိုကြီးလုံးလုံး ဖြစ်၍ ချစ်သူပင် ရှိနေပြီး မကြာခင် လက်ထပ်တော့မတဲ့။

"လက်မထပ်ခင် ဘာများ စစ်ဆေးရဦးမလဲ ဆရာ"

ကောင်မကလေး၏ အမေက မေးသည်။

"ကောင်လေးပဲ စစ်ပါ မမ။ ကောင်လေးက သာလာဆီးမီးယား မိုင်နာ မဟုတ်ဘူး ဆိုရင် ဘာမှ ပြဿနာမရှိဘူး။ ကောင်လေးသာ မိုင်နာ ဖြစ်ရင် သူတို့ မွေးတဲ့ ကလေး တစ်ဝက်လောက် သာလာဆီးမီးယား ဖြစ်မှာ"

ကောင်လေးတွင် ပြဿနာ မရှိပါ။ သူတို့ ချစ်သူနှစ်ဦး ပျော်ရွှင်စွာ ပေါင်းထုပ်သွားကြပါသည်။

အဲသည်အချိန်မှာ ကျွန်တော်က ကလေးမလေးနှင့် တွေ့ပါသည်။

♦

ကလေးမကလေးက အသက် တစ်နှစ်ကျော်ပဲ ရှိပါသေးသည်။

ဖြူဖြူဖွေးဖွေး ချစ်စရာကလေးပါ။ သို့သော် ကျွန်တော့်မျက်စိထဲတွင် ကလေးက မိဘနှစ်ယောက်စလုံး အသားဖြူတာထက်ကို ပို၍ ဖြူနေပါသည်။ မိုက်ကို စမ်းကြည့်တော့ အသည်းရော၊ ဘေလုံးရော ကြီးနေပါသည်။

ဘုရား… ဘုရား…

လာပြန်ပြီလား သာလာဆီးမီးယား။

သွေးစစ်ဆေးကြည့်တော့ သည်အဖြေပဲ ထွက်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သာလာဆီးမီးယား သေချာပြီ။

မိဘတွေကို ရှင်းပြရသည်။ သည်တစ်ခါတော့ မိခင်က ကျွန်တော့်ထက် ငယ်ရွယ်သူ ဖြစ်သည်။ ပထမ မိခင်လောက်တော့ မတည်ငြိမ်နိုင်ရှာ။ မျက်ရည်ဝဲသည်။

လိုအပ်လျှင် လိုအပ်တိုင်း သွေးသွင်းနေရုံမှအပ သာမန် ကလေးတစ်ယောက်လိုပဲ နေနိုင်မည်ဟု ဘယ်လိုပင်ရှင်းရှင်း သူ့သမီးကလေး သွေးသွင်းသွင်းနေရမည်ကိုပင် မကြည့်ရက်နိုင်ရှာ။

ကြံရာမရသည့်အဆုံး ကျွန်တော် သူ့ကို ကောင်မကလေးအကြောင်း ပြောပြမိသည်။ မိခင် မျက်လုံးအတွင်း အရောင်တွေ လက်လာသည်။

ပြောရင်းက ကျွန်တော် ကိုယ့်လုပ်ရပ်ကို ကိုယ် သံသယဖြစ်မိသည်။

ငါ လုပ်တာ ဆရာဝန်ကျင့်ထုံးနဲ့ ညီလို့လား။

သာလာဆီးမီးယားရှိသော ကလေး ဘယ်နှယောက်များ ကောင်မကလေးလောက် ကံကောင်းခဲ့လို့လဲ။ ငါ့လူနာတွေထဲမှာ သွေးမသွင်းရတော့ဘဲ အင်တာမီဒီယာ ဖြစ်သွားတာ တကယ်တော့ ကောင်မကလေး တစ်ယောက်တည်းပဲ ရှိဖူးတာ မဟုတ်ဘူးလား။ ရာထောင်ချီနေသည့် ကျန်သည့် သာလာဆီးမီးယား ကလေးတွေ အားလုံး သွေးသွင်းနေကြရတာပဲ မဟုတ်ဘူးလား။

မိဘကို မရေရာသည့် မျှော်လင့်ချက် ပေးမိပြီ ထင်သည်။

မတတ်နိုင်။

ဘာဖြစ်လာမည် ဆိုတာက စောင့်ကြည့်ရုံသာ ရှိသည်။

လောလောဆယ်တော့ သွေးသွင်းရမည်။ မိဘတွေက သူတို့ သွေးကိုပဲ ကလေးကို သွင်းပေးချင်သည်။ သူစိမ်းသွေးကို မသွင်းလို။ စစ်ကြည့်တော့ ကလေးမကလေး၏ သွေးက မိခင်နှင့် တူသည်။ ဖခင်နှင့် မတူ။

သည်တော့ မိခင်၏သွေးကိုပဲ သွင်းရမည်။

ကဲ... သွင်း.. သွင်း...။

## (၃) ၂၀၀၆ ခုနှစ်

ကျွန်တော်က တာဝန်နှင့် မကွေးမြို့သို့ ပြောင်းရွှေ့ဖို့ ဖြစ်လာသည်။ ရန်ကုန်မြို့သို့ တာဝန် စကျခါစကတည်းက ကိုးနှစ် မိသားစုကို နယ်မှာ ထားခဲ့ရသော ကျွန်တော်၊ မိသားစုနှင့်အတူ နေခွင့်ရပြီး ခုနစ်နှစ်မှာ နယ်ပြောင်း

mgyoe.com

တော့ မိသားစုကို ရန်ကုန်မှာ ထားခဲ့ရပြန်သည်။ ကလေးတွေ ပညာရေးက အရေးကြီးပြီကိုး။

မျက်မမြင် ဖခင်ကြီးကတော့ သွားကန်တော့တော့ "မင်း ပြန်မလာခင် ငါ သေမှာပဲကွာ" ဟု အားငယ်စကား ဆိုရှာသည်။ မတတ်နိုင်ပါ။ ဖခင်ကြီး က ၈၀ ပြည့်တော့မည်။ အသက် ၄၀ ကျော် ဆရာဝန်ကြီးတိုင်းမှာ အိုမင်း မစွမ်းသော မိဘတွေ ရှိကြလိမ့်မပေါ့။ ဖခင်ကြီးကို အားပေးစကား ပြောစရာ စကားလုံး ရှာမတွေ့ခဲ့။

မိခင်ကြီးကတော့ မိခင်တို့ ထုံးစံအတိုင်း ပြန်လာတိုင်းတော့ "သား အဖေကို ဝင်ကြည့်နော်" ဟုသာ မှာရှာသည်။

ယောက္ခမကြီးကတော့ ကွယ်လွန်ရှာပြီ။ ယောက္ခထီးကြီးက ကင်ဆာ ရောဂါဖြင့် ရန်ကုန်မှာ လာဆေးကုခံနေရသည်မို့ ဇနီးကလည်း ဖခင်ဘေးမှာ ကျန်ခဲ့သည်။

အဲသည် နှစ်ဖက်မိဘတွေကို ကြည့်ဖို့၊ သားသမီးတွေကို ကြည့်ဖို့တော့ ရန်ကုန်မြို့သို့ တစ်ညအိပ်ခရီး မကြာခဏ ပြန်ဖြစ်သည်။ အဲသည် တစ်ညမှာ လည်း သူငယ်ချင်း ကလေးအထူးဆရာဝန် ထိုင်ပေးထားသော ဆေးခန်း သွားပြန်ထိုင်၍ လူနာဟောင်းများကို ကြည့်ကြည့်ပေးဖြစ်သည်။

ကလေးမကလေးနှင့် ပြန်တွေ့သည်။

♦

ကလေးမကလေးက နည်းနည်းဖြူနေသည်။

သွေးသွင်းဖို့ တော်ပြီဟု ပြောတော့ မိခင် နည်းနည်း မျက်နှာပျက် သွားသည်။

"တစ်လလောက် စောင့်လို့ မရဘူးလား ဆရာ"

"ရတော့ ရပါတယ်။ ဒါပေမဲ့ တစ်လစောင့်လည်း သွင်းရမှာပဲ။ အခုလည်း သွင်းရမှာပဲ။ ဘာထူးလို့လဲ"

"ထူးပါတယ် ဆရာ၊ ကျွန်မ နောက်ဆုံး သွေးလှူထားတာ ပြည့်ဖို့ တစ်လ လိုနေလို့ပါ"

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


သေသေချာချာ ပြန်မေးကြည့်တော့မှ ကြိုတင်တွေးမထားရဲလောက်အောင် ကြီးမြတ်ခမ်းနားသည့် မိခင်မေတ္တာကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်။

ကလေးမကလေးကို မိခင်က တခြားသူ၏သွေး ပေးမသွင်းပါ။ တောက်လျှောက် မိခင်၏ သွေးကိုသာ မှန်မှန်စောင့်သွင်းနေခဲ့တာပါ။ မိခင်က သူမ ဘဝတစ်ခုလုံးကို သမီးလေးကို သွေးလှူဖို့နှင့် အားပြန်မွေး၊ ပြန်စောင့်ထပ်လှူဖို့သက်သက်အတွက် ရပ်တည်လိုက်တာပါ။

♦

စာရေးဆရာ ပြန်ဖြစ်ခါစ ကျွန်တော် အဲသည့် ဖြစ်ရပ်ကလေးက မိခင်မေတ္တာကို တော်တော်နှင့်နှင့်နဲနဲ ခံစားလိုက်ရသည်။

ဒါနှင့်ပဲ 'ထာဝရအိမ်ရှင်' ဆိုသည့် အမည်နှင့် ဝတ္ထုတိုကလေး တစ်ပုဒ် ရေးဖြစ်ခဲ့သည်။ 'မိဘတွေဟာ သားသမီးတွေရဲ့ ဘဝမှာ ငယ်စဉ်တုန်းကတော့ အိမ်ရှင်တွေပဲ။ သားသမီး အရွယ်ရောက်လာတဲ့အခါ ဧည့်သည်အဆင့်ကို ဆင်းပေးရမှာ မလွှဲမရှောင်သာပါဘူး''

ဟု ပြောလာသူ လူငယ်တစ်ယောက်၊ သူ့ချစ်သူ၏ မိခင်မှာ ငယ်စဉ်ကတည်းက သူ့သမီးကို သူကိုယ်တိုင် လှူသော သွေးနှင့် နှစ်ပေါင်းများစွာ မွေးမြူခဲ့သူ ဖြစ်ကြောင်း သိရသည့်အခါ တုန်လှုပ်လေးစားစွာဖြင့်–

''သူ့မေမေကို သူ့သမီးဘဝမှာ ထာဝရအိမ်ရှင် လုပ်ခွင့်ပေးလိုက်ပါပြီ''

ဟု ပြောပြီး လှည့်ပြန်သွားခဲ့ကြောင်း။

ဇာတ်သိမ်းကိုတော့ လှအောင် မိန်းကလေးက သာလာဆီးမီးယား အင်တာမီဒီယာ ဖြစ်သွား၍ သွေးသွင်းရန် မလိုတော့သည့်အကြောင်း ရေးခဲ့သည်။

ကလေးမလေး၏ ဇာတ်လမ်းနှင့် စ၍ ကောင်မကလေး၏ ဇာတ်လမ်းနှင့် သိမ်းလိုက်သည့် သဘောပါ။

အဲသည် ဇာတ်လမ်းကလေးက လူကြိုက်များခဲ့ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီတို့တွင်လည်း ရုပ်သံဇာတ်လမ်းတိုကလေးအဖြစ် ရိုက်ကူး ထုတ်လွှင့်ခဲ့သည်။

mgyoe.com

mgyoe.com

ကျွန်တော်က ဂုဏ်မယူနိုင်ပါ။

ကလေးမကလေး၏ မိခင်ကို မခိုင်မာသည့် မျှော်လင့်ချက်ပေးမိပြန်ပြီလားဟု တထိတ်ထိတ် ပူပန်နေခဲ့ရပါသည်။

(၄) ၂၀၁၀ ပြည့်နှစ်

၂၀၀၇ ခုနှစ်မှာ ယောက္ခထီးကြီး ဆုံးသည်။

၂၀၀၈ ခုနှစ်မှာ ကျွန်တော် အမျိုးသားစာပေဆု ရသည်။

၂၀၀၉ ခုနှစ်မှာ ဖေဖေ ဆုံးသည်။

မကွေး ရောက်ခါစနှင့်စာလျှင် တာဝန်ပိုကြီးလာပြီမို့ ရန်ကုန်မှာ မေမေနှင့် မိသားစု ကျန်နေသေးသော်လည်း ကျွန်တော် အရောက်ကျဲလာသည်။ တာဝန်နှင့် ရောက်လျှင်တော့ ဆေးခန်းကလေးကို ပြေး၍ ကိုယ့်လူနာဟောင်းကလေးတွေ ကိုယ် ချိန်းကြည့်နေမြဲ။

၂၀၁၀ မှာ ကျွန်တော် အမျိုးသားစာပေဆု ထပ်ရသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ပေးထားသည့် ရထားတွဲနှင့် နေပြည်တော်သို့ သွားရန် ကျွန်တော် ရန်ကုန်အဆင်း ကလေးမကလေးနှင့် ထပ်တွေ့သည်။

ဘုရားရေ...

ကလေးမကလေးက မဖြူတော့ပါလား။

"သွေးသွင်းထားတာ မကြာသေးဘူးလား အမေ"

"နှစ်နှစ်ရှိပြီ ဆရာ။ သွေးမသွင်းရတာ"

ကိုယ့်နားကိုပင် ကိုယ် မယုံမိ။

ဒါ ဖြစ်နိုင်ပါ့မလား။

ကမန်းကတန်း ကလေးဗိုက်ကလေးကို စမ်းကြည့်မိသည်။

မရှိ။

အသည်းလည်း ကြီးမနေ။ ဘေလုံးလည်း မရှိတော့။

ဝတ္ထုတိုထဲမှာ 'အလွန်ကြီးမားတဲ့ မိခင်မေတ္တာတရား တစ်ခုဟာ ထိုက်ထိုက်တန်တန် အသိအမှတ်ပြုခံလိုက်ရတာပါ' ဟု ကျွန်တော် စိတ်ကူးယဉ်ပြီး ရေးခဲ့တာ အပြင်မှာ တကယ် ဖြစ်လာခဲ့ပြီလား။

သည်လောက် တိုက်ဆိုင်ဖို့တော့ 'ဝတ္ထု'ဆန်လွန်းသည် ထင်၏။

ထပ်စမ်း။ ထပ်စမ်း။

mgyoe.com

SAMPLE BOOK

တကယ်ပါပဲ။

ကလေးမကလေး သာလာဆီးမီးယား အင်တာမီဒီယာဘက် လှည့်သွားခဲ့သည်။

♦

အမေ့မျက်ရည် ကျွန်တော် မသုတ်နိုင်သေး။ အမေ တော်တော်များများ၏ အပြုံးကိုတော့ မြင်ခွင့်ရခဲ့ပြီ။ ဒါလည်း ကိုယ့်အစွမ်းအစကြောင့်ဟုတော့ မထင်။ သူတို့ မိခင်မေတ္တာတွေ သူတို့ ခံစားရတာသာ ဖြစ်သည်။

တကယ်တော့ သူတို့ရင်သွေးလေးတွေ၏ ဘဝမှာ သူတို့က ထာဝရ အိမ်ရှင်များ မဟုတ်ကြပါလား။

*မှတ်ချက်။ ။ ဖြစ်ရပ်မှန်များ ဖြစ်ပါသည်။*

*မေတ္တာစမ်းရေမဂ္ဂဇင်း၊ အမှတ်-၁၀၊ ဧပြီလ၊ ၂၀၁၁ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်စစ်တို့၏ ပန်းတိုင်

( ၁ )

အချစ်စစ် အချစ်မှန်တို့၏ ခရီး ဖြောင့်ဖြူးလေ့ မရှိတဲ့။

သည်စကား ဘယ်သူ ထွင်ခဲ့လေသည် မသိ။

မောင်သီဟန်ကတော့ လက်ကို မခံပါ။

ချစ်တာက ချစ်တာသတ်သတ်၊ လမ်းခရီးက လမ်းခရီးသတ်သတ်။ လမ်းခရီးပါ ဆိုမှတော့ ကွေ့တွေ ရှိမည်။ ဖုတွေ၊ ထစ်တွေ ရှိမည်။ ရင်ဆိုင်ရမည်။ ကျော်လွှားရမည်။ ဒါ ဘာဆန်းလို့လဲ။

တကယ်ချစ်လျှင် အဲဒါတွေကို ကျော်လွှားနိုင်ဖို့ စွမ်းအား ရှိကိုရှိရမည်။ ဘယ်လောက်ခက်ခက်ပေါ့။ အခက်အခဲပေါ်တိုင်း မဖြောင့်ဖြူးသော ခရီးနှင့် ရင်ဆိုင်ရပြီ။ ငါတို့ အချစ်စစ်လို့ဟု အခြောက်တိုက် ဂုဏ်ယူနေ၊ ကိုယ့်ကိုယ်ကိုယ် သနားနေတာ ဘာအဓိပ္ပာယ်မှ မရှိဟု မောင်သီဟန် ထင်သည်။

မောင်သီဟန်နှင့် ဥမ္မာတို့ ချစ်ခရီးလမ်းမှာလည်း သည်လိုပဲ ဖုတွေနှင့်၊ ထစ်တွေနှင့်။ တစ်ခါမျှ နောက်မဆုတ်ခဲ့ကြပါ။ အချစ်စစ် ဆိုမှတော့

mgyoe.com

m gyoe.com

SAMPLE BOOK


ဘယ်ဖြောင့်ဖြူးပါ့မလဲဟု အားငယ် လက်လျှော့ခဲ့တာမျိုး တစ်ခါမျှ မလုပ်ခဲ့ကြပါ။ ရအောင် ရှေ့တိုးခဲ့ကြတာပဲ ဖြစ်သည်။

နောက်ဆုံး တစ်နေ့ ချစ်သူလက်ကို တွဲရချိန်မှာ နှစ်ယောက်စလုံး ကျေနပ်ကြသည်။ ကျော်လွန်ခဲ့ရသော အခက်အခဲများကို တန်သည်ဟု ယူဆကြသည်။

( ၂ )

''ဖေဖေတို့က ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး ကို''

သည်စကားကို ချစ်သူ ဆိုခဲ့စဉ်က မောင်သီဟန် 'ကိုယ်က ဘာဖြစ်နေလို့လဲ' ဟု တစ်ခွန်းမျှ ပြန်မမေးခဲ့။ ကိုယ် ဘာလိုနေလဲ၊ ကိုယ်လည်း သိနေတာပဲ။

လူနှစ်ဆယ်လောက် ပါသော တီးဝိုင်းတစ်ဝိုင်းမှာ ပါသည့် လေမှုတ်တူရိယာ ပညာရှင်၊ တစ်ဝိုင်းလုံး တစ်ညလုံး တီးမှုတ်ပါမှ ဘယ်လောက်မှ ရတာ မဟုတ်။ ခွဲလိုက်၊ စိတ်လိုက်တော့ စရိတ်ပင် အနိုင်နိုင်။ ဥမ္မာတို့က အဲသည့်အချိန်ကတည်းက ကားစီးနိုင်သည့် သူဌေး၏သမီး။

ချစ်သူ ကောင်းစားဖို့ ချစ်သူကို စွန့်လွှတ်ပါမည်တွေ ဘာတွေ မောင်သီဟန် စိတ်ကူးမယဉ်။ ဖေဖေတို့ ပြောတာလည်း မှန်တာပဲဟု တစ်ခွန်းမျှ မဆို။ တစ်ခါတည်း ဥမ္မာ့ကို ခိုးပြေးဖို့ ကြံစည်သည်။

ဟုတ်သည်လေ။

သည်ယောကျ်ားကို ချစ်သူဟု သူ သတ်မှတ်ပြီးလျှင် သည်ယောကျ်ားကို ယူလျှင် ဘယ်လို ဆိုတာ သူ တွေးထားပြီးသား ဖြစ်ရောပေါ့။ ဆင်းရဲမည်ဆိုတာ သိပြီးမှ ချစ်ခဲ့တာပဲ။ အဆင်းရဲခံနိုင်လို့လားတွေ ဘာတွေ မေးစရာမလိုဟု ထင်သည်။

ဖေဖေ့မှာ နှလုံးရောဂါ ရှိသည်တွေ၊ မေမေ့မှာ သွေးတိုးရှိသည်တွေ ပြောနေဖို့လည်း မလိုအပ်ဘူးဟု ထင်သည်။ ပျမ်းမျှခြင်း ဖြစ်စဉ်အရ ခန့်မှန်းမည် ဆိုလျှင် သည်မိဘတွေက သူတို့နှစ်ဦးထက် အသက်ရှည်စရာ မရှိ။ ရှေ့က သွားမည့်သူတွေကို ငဲ့ကွက်၍ ကျန်ရစ်ခဲ့ရမည့်သူတွေက ကိုယ် လုပ်ချင်တာကို မလုပ်ဘဲ နေစရာ အကြောင်းမရှိဟု မောင်သီဟန် ခံယူသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ခိုးပြေးမည် ပြောတော့လည်း ဥမ္မာက သဘောတူသည်။

ဒါနှင့်ပဲ သူတို့ နေထိုင်ရာ မန္တလေးဘက်မှ စစ်ကိုင်းရှိ သူငယ်ချင်းတစ်ဦး၏ အိမ်သို့ ခိုးပြေးသည်။

ချစ်သူနှစ်ဦး ပျော်ရွှင်စွာ ပေါင်းဆုံရသည်ပေါ့။

( ၃ )

မိဘတွေ ခန့်မှန်းထားသလိုပင် သူတို့ ချစ်သူနှစ်ဦး ဆင်းရဲခဲ့ကြသည်။ သူ ခန့်မှန်းထားသလိုပင် သူတို့ လက်ထပ်ကြပြီး မျှားမကြာခင် မိဘတွေ ကွယ်လွန်သွားကြသည်။

ကျန်ရစ်သူ မောင်နှမများက သူတို့ကို အခေါ်အပြော မလုပ်ကြပါ။ ဒါ အမွေခွဲဝေပေးရမှာစိုး၍လည်း ဖြစ်နိုင်သည်။

သို့သော် သူတို့ ချစ်သူနှစ်ဦးက စိတ်မဝင်စားကြပါ။ သူတို့ဘဝမှာ အိမ်ရှိဖို့လည်း မလို၊ ကားရှိဖို့လည်း မလို၊ ငွေရှိဖို့လည်း မလို။ အချစ်ရှိဖို့သာ လိုသည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

သည်ကြားထဲမှာ မောင်သီဟန် ရေးသော သီချင်းကလေး တစ်ပုဒ်စ နှစ်ပုဒ်စ အောင်မြင်လာတော့ ဝင်ငွေကလေးလည်း အသင့်အတင့် ရှိလာသည်။ မောင်သီဟန်(မန္တလာမြေ) ဆိုသည့် နာမည်လေး လူသိစပြုလာသည်။

( ၄ )

သူ ရေးသည့် သီချင်းတွေ ပေါက်သည်ဟု နာမည်ရလာသောအခါ နာမည်ကြီး အဆိုတော် ဖြစ်ချင်သူ မိန်းကလေးတွေ သူ့အနားမှာ ဝိုင်းလာကြသည်။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ဥမ္မာ့ကို သတိပေးလာကြသောအခါ ဥမ္မာက အပြုံးမပျက်ပါ။

"အချစ်တစ်ခုတည်းနဲ့ တည်ဆောက်လာတဲ့ အိမ်ထောင်ပဲရှင်။ အဲသည် အချစ်မှ မရှိတော့ရင် ပြိုကွဲသွားမှာလည်း နှမြောစရာ မရှိပါဘူး။ ဒါပေမဲ့ ကိုသီဟန့် အချစ်ကို ကျွန်မ အကြွင်းမဲ့ ယုံပါတယ်"

အပြောကြီးလွန်းသည့် မိန်းကလေး။ စောင့်ကြည့်သေးတာပေါ့... ဟု တီးတိုး တီးတိုး သဖန်းပိုးထိုးသံတွေ ကြာတော့လည်း ငြိမ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်သီဟန်(မန္တလာမြေ) ဆိုသည့် နာမည်ကြီး သီချင်းရေးဆရာ နာမည် ပြန်ကျသည့်အချိန်အထိပင် ဘာမိန်းကလေးပြဿနာမှ မပေါ်လိုက်ပါ။

ဥမ္မာ ကြုံးဝါးသလိုပင် သူ့အချစ်က အကြွင်းမဲ့ ယုံကြည်စရာ ဖြစ် နေသည်။ ဘယ်လောက် ဆင်းရဲ ဆင်းရဲ အဲသည်လင်မယားက ပျော်နေကြ သည်သာ။ သူတို့အချစ်နှင့် သူတို့ ပျော်နေတာမျိုးပေါ့။

တစ်ခုပဲ ပြောစရာ ရှိသည်။

သူတို့မှာ သားသမီး မရ။

## ( ၅ )

"မိုးဖွဲဖွဲကလေးနဲ့ ကို၊ အနွေးထည် ဝတ်သွားပါလား"

ဇနီးဖြစ်သူက စိုးရိမ်ဟန်နှင့် မှာတော့ မောင်သီဟန် သူ့ပခုံးကလေး ကို ကြင်နာစွာ ပွေ့ဖက်၍ ချစ်စနိုး ပြုံးသည်။

"ထီးပါတာပဲ ဥမ္မာရယ်"

"ထီးက မိုးမစိုရုံပဲ ရမှာပေါ့ ကိုရဲ့၊ လေစိမ်းတိုက်ရင် ဖျားနာမှဖြင့်"

ဥမ္မာ့နဖူးကလေးကို နမ်းမိသည်။

"အေးပါ ဥမ္မာရယ်။ ဒါထက် ဈေးဖိုးရော ရှိသေးရဲ့လား"

ဥမ္မာက ရှက်ရယ် ရယ်သည်။

"ဈေးဖိုးက အရေးမကြီးဘူး ကို၊ မရှိရင် တစ်နပ်တလေ မစားဘဲ နေလို့ရတယ်။ အိမ်လခက လောနေပြီ။ ကို့ကိစ္စက အဆင်ပြေမှ ဖြစ်မှာ"

မောင်သီဟန် သက်ပြင်းချသည်။

"ဒီတစ်ခါတော့ အဆင်ပြေလောက်ပါရဲ့ကွာ"

## ( ၆ )

"မောင်ရင်လေး၊ တစ်ယောက် ပြောင်းပြန်ပြီဆို"

တီးဝိုင်းအဆိုတော် ယောကျ်ားကလေးကို ဆူပြော ပြောတော့ အဆိုတော်ကလေးက ရယ်သည်။

"ဆန်ကြိတ်စား၊ ကံကုန်သွားပေါ့ ဆရာဟန်ရယ်"

မောင်သီဟန် ခေါင်းခါသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"အချစ်စစ်ဆိုတာ တကယ်ရှိတာ နော်၊ မင်း အချစ်ကို ကရော်ကမည် မလုပ်နဲ့။ ငါနဲ့ ဥမ္မာ တစ်ယောက်ကို တစ်ယောက် သစ္စာရှိရှိ ဖြစ်နေကြတာ ဘယ်လောက် ပျော်စရာကောင်းသလဲ"

အဆိုတော်ကလေးက သက်ပြင်း ခိုးရှိုက်သည်။

စန္ဒရားဆရာက ဝင်ပြောသည်။

"အချစ်စစ် ဆိုတာ တကယ် ရှိတယ်လို့ ကျွန်တော်တော့ မယုံပါဘူး ဆရာဟန်ရယ်"

"ဟာ… ရှိတယ်လေ၊ ရှိလို့ ငါနဲ့ ဥမ္မာ ရှိနေကြတာပေါ့"

စန္ဒရားဆရာက ခေါင်းခါသည်။

"ဆရာဟန်လည်း ဗုဒ္ဓဘာသာတစ်ယောက်ပဲ။ အချစ်စစ် ဆိုတာ ရှိရင် ရှိတယ်လို့ ဘုရားဟောမှာပေါ့။ အခု ဘုရားဟောတွေထဲမှာ မေတ္တာကိုသာ ချီးကျူးတယ်။ တစ်လောကလုံး ၃၁ ဘုံ ကျင်လည်သမျှ သတ္တဝါအားလုံးကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ပို့တဲ့ မေတ္တာမျိုးလေ။ အချစ် ဆိုတာကိုကျတော့ တဏှာ အကြီးစား တစ်မျိုးတဲ့"

မောင်သီဟန် ဒေါပွသွားသည်။

"အမယ်… ငါ့ကို ဘုရားစာနဲ့ ကိုင်မပေါက်စမ်းပါနဲ့။ ဘဝဆက်တိုင်း လက်တွဲပြီး ပါရမီဖြည့်သွားတဲ့ စုံတွဲတွေ နိပါတ်တော်တွေထဲမှာ အများကြီး။ မင်းတို့ သူများချစ်ခြင်းကို မနာလိုလို့ မစ္ဆရိယစိတ် များနေတဲ့ကောင်တွေ၊ တော်ပြီ… ငါ သွားတော့မယ်"

ပြောပြောဆိုဆို လွယ်အိတ်လွယ်၍ ထထွက်သွားသော မောင်သီဟန်၏ ကျောပြင်ကို ကြည့်၍ စန္ဒရားဆရာ သက်ပြင်းချသည်။

"အစ်ကိုကလည်း သူ မကြိုက်မှန်း သိရက်နဲ့"

အဆိုတော်ကလေးက အပြစ်တင်တော့ စန္ဒရားဆရာ ပခုံးတွန့်ပြသည်။

"မတတ်နိုင်ဘူးလေကွာ၊ တစ်ယောက်ယောက်ကတော့ သူတို့ကို သတိပေးတော့မှ မဟုတ်လား"

( ၇ )

ချစ်သူ မျက်ရည် ခိုးသုတ်သည်ကို မြင်တော့ မောင်သီဟန် ရင်ထဲတွင် နင့်ခနဲ ခံစားရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"နည်းလို့လား ဥမ္မာရယ်"

ဥမ္မာက ခေါင်းမော့ကြည့်၍ အားတင်းပြုံးပြီး ခေါင်းခါပြသည်။

"ရပါတယ် ကိုရယ်၊ သီချင်းကလေးတွေလည်း လာဝယ်မလို့ ကမ်းလှမ်းထားတယ်ဆို။ ဒီလိုနဲ့ပဲ ပြေလည်သွားမှာပါ"

ချစ်သူကို မျက်နှာအညိုမခံချင်သည့်စိတ်။

အဲသည်စိတ်ကလေးကို ချစ်မြတ်နိုးစွာဖြင့် ဥမ္မာ့ပါးကို မောင်သီဟန်နမ်းမိသည်။

( ၈ )

"မြန်မာသံစဉ်ကို ဟစ်ပ်ဟော့ပ်တွေ တွဲပစ်တာတော့ ငါ မကြိုက်ဘူးကွာ၊ မရောင်းတော့ဘူး"

မောင်သီဟန် ခေါင်းခါ၍ပြောတော့ စန္ဒရားဆရာကလေးက သက်ပြင်းချသည်။

"ကိုယ် ရေးထားတဲ့ မြန်မာသံစဉ်က မြန်မာသံစဉ်သတ်သတ်၊ သူတို့ထည့်တဲ့ ဟစ်ပ်ဟော့ပ်က ဟစ်ပ်ဟော့ပ်သတ်သတ်။ ကိုယ်နဲ့ မဆိုင်ဘူးလို့ သဘောထားလည်း ရတာပါပဲ ဆရာဟန်ရယ်။ ပြီးတော့ ခေတ်လူငယ်တွေ၊ မြန်မာသံစဉ်ကို နားယဉ်အောင်က ဒီလိုပဲ စည်းရုံးယူရမှာပဲ မဟုတ်လား"

မောင်သီဟန် ခေါင်းခါမြဲ ခါသည်။

"ငါ မကြိုက်ဘူးကွာ"

စန္ဒရားဆရာကလေးက သက်ပြင်းချသည်။

"နို့... ဆရာ့အိမ်ကလည်း ဆင်းခိုင်းနေပြီဆို။ ဆရာတို့ ဘယ်လိုလုပ်ကြမလဲ"

မောင်သီဟန် အကြာကြီး ငြိမ်နေသည်။

ပြီးတော့မှ...

"မင်းတို့ပဲ ကြည့်စီစဉ်ကြပါတော့ကွာ" ဟု တိုးတိုး ပြောသည်။

( ၉ )

ချစ်သူနှစ်ဦး ဘာစကားမှ မဆိုမိဘဲ တိတ်တဆိတ် ပစ္စည်းများကို ထုပ်ပိုးကြသည်။

mgyoe.com

ပြီးတော့ အိမ်ရှေ့ဖိနပ်ချွတ်မှာ အကြာကြီး ငူ၍ ငိုင်၍ ထိုင်နေကြသည်။

နောက်ဆုံးမတော့ ဥမ္မာက 'အင့်'ခနဲ တစ်ချက် ရှိုက်၍ သူ့ပခုံးကို မှီချလိုက်သည်။ သူလည်း ဥမ္မာ့ပခုံးကလေးကို ထွေးပွေ့လိုက်ရင်းက မျက်ရည်ကျသည်။

( ၁၀ )

"ဘယ်လိုမှ မဖြစ်နိုင်လို့ပါ ခင်ဗျာ"

တိုက်ပုံဝတ်ထားသော လူငယ်က ခေါင်းကို တွင်တွင်ခါရင်းက မွန်ရည်စွာ ငြင်းဆန်သည်။

မောင်သီဟန်၏ မျက်နှာမှာ ချက်ချင်းပင် ငိုချတော့မည့်သူ၏ ပုံစံမျိုး ဖြစ်နေသည်။ သို့သော် ဆက်ပြောလည်း ထူးတော့မည် မဟုတ်မှန်းကို ရိပ်မိသွားသည့်အလား တိတ်ဆိတ်စွာပင် ကောင်တာမှ ထွက်ခွာလာပြီး ဥမ္မာ့ဆီသို့ သွား၍ အခြေအနေကို ရှင်းပြသည်။

စန္ဒရားဆရာကလေးက တက္ကစီဖိုး ရှင်းပေးနေရာက လိုက်လာပြီး သူတို့နှစ်ယောက်ကို ကျော်၍ ဧည့်ကြိုကောင်တာသို့ ရောက်လာသည်။

မောင်သီဟန်နှင့် ဥမ္မာတို့ မျက်နှာပျက်နေသည်ကို ရိပ်မိသော စန္ဒရားဆရာကလေးက ဧည့်ကြိုကောင်တာက လူငယ်ကို မေးငေါ့၍ မေးသည်။

"ဘာအခက်အခဲ ရှိလို့လဲဗျာ၊ ကူညီလိုက်ပါ။ အဲဒါ နာမည်ကြီး သီချင်းရေးဆရာ မောင်သီဟန်(မန္တလာမြေ)ပါ။ ဘယ်လိုမှ အဆင်မပြေတော့လို့ လာရတာပါ။ သူတို့ လင်မယားကလည်း သိပ်ချစ်ကြတာ"

လူငယ်က မျက်နှာမကောင်းစွာ ခေါင်းညိတ်သည်။

"ကျွန်တော် သိပါတယ်။ အခုက ဘယ်လိုမှ မကူညီနိုင်လို့ပါဗျာ။ သူတို့က အတူ တစ်ခန်း နေချင်တယ်တဲ့။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ အစ်ကိုရယ်။ ဟိုတယ်တို့ တည်းခိုခန်းတို့ ဆိုရင်လည်း အကောင်းသားပေါ့။ အခုက…"

စန္ဒရားဆရာကလေးက လက်ကာပြ၍ ခေါင်းညိတ်သည်။

"အေးဗျာ၊ ဒါတော့ ဘယ်လုပ်ပေးနိုင်ပါ့မလဲ"

ပြီးတော့ ဆွေးမြည့်သော မျက်လုံးများဖြင့် မောင်သီဟန်နှင့် ဥမ္မာတို့ ချစ်သူနှစ်ဦးဘက် လှည့်ကြည့်၍ တိုးတိုးပြောသည်။

mgyoe.com

''တကယ့်ကို ရှာမှ ရှားတဲ့ သိပ်ချစ်တဲ့ ချစ်သူတွေပါဗျာ။ ခက်တာက သူတို့အချစ်ထဲမှာ သူတို့ နစ်မွန်းနေကြပြီး လောကကြီး ဘာတွေ ပြောင်းလဲ မပြောင်းလဲ သူတို့အချစ်လောက် အရေးမပါဘူး။ အချစ်စစ် အချစ်မှန်ဆိုတာ အမြဲ ဖြောင့်ဖြူးတယ်လို့ ကြုံးဝါးရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်လာလိုက်ကြတာ''

သက်ပြင်းတစ်ချက်ချ၍ လူငယ်ကို ပြန်လှည့်ကြည့်သည်။

''ဘိုးဘွားရိပ်သာ ရောက်လာတဲ့အထိ မခွဲနိုင် ဖြစ်နေကြတော့တာ ပါပဲဗျာ''

ညှော့ကြိုလူငယ်ကလေးနှင့်အတူ ရပ်နေသော ညှော့ကြိုမိန်းကလေး လည်း ဝဲလာသော မျက်ရည်ကို ခိုး၍ သုတ်လေသည်။


*ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၁၁ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# တံခါးနှစ်ချပ်နှင့် အခန်း

## ( ၁ )

"ခင်ဗျား ထင်တဲ့အတိုင်းပဲ"

လူစိမ်းက တိုးတိုးပြောသည်။

အိပ်ရာဝင်ခါနီးတုန်းက အခန်း၏ တံခါးနှစ်ချပ်စလုံးကို သူ သေသေချာချာ ပိတ်ခဲ့တာ ဖြစ်သည်။ အဲသလို ပိတ်ခဲ့ပါလျက်နှင့် ရင်ဘတ်ထဲက စူးသလို၊ အောင့်သလို ဖြစ်၍ တစ်ရေးနိုးလာသည့်အခါကျတော့ အိပ်ရာဘေး စားပွဲရှေ့က ကုလားထိုင်ပေါ်မှာ တစ်ခါမျှ မမြင်ဖူးသည့် လူတစ်ယောက် ရောက်နေတာ တော်တော်တော့ ချောက်ချားစရာကောင်းလှသည်။

ပထမတော့ သူ လန့်အော်မိသေးသည်။ သို့သော် အသံက ထွက်မလာ။ ပြီးမှ သေသေချာချာ ကြည့်တော့ ထိုင်နေသည့် သူက အသက် ၅၀ ကျော် လောက်။ သူနှင့် မတိမ်းမယိမ်း။ ဝတ်တာ၊ စားတာကလည်း သပ်ရပ်သည်။ ရုပ်ရည်ကလည်း သန့်ပြန့်မွန်ရည်သည်။ လူဆိုး၊ သူခိုးတော့ ဘယ်လိုမှ မဖြစ်နိုင်။

mgyoe.com

အဲဒါနှင့် ကြောက်စိတ်ကို မျိုသိပ်၍ အိပ်ရာမှ လူးလဲထရသည်။

ခင်ဗျား ဘယ်သူလဲ။ ကျွန်တော့်အခန်းထဲ ဘယ်လိုလုပ် ရောက်နေတာလဲဟု မေးခွန်းများ စမေးမည် ကြံကာရှိသေးသည်။ လူစိမ်းက တိုးတိုး စကားပြောသည်။

"ခင်ဗျား ထင်တဲ့အတိုင်းပဲ"

"ဘာကို ပြောတာလဲ"

လူစိမ်းမျက်နှာမှာ အားတုံ့အားနာဟန် ပေါ်လာသည်။ မျက်နှာလွှဲ၍ တိုးတိုး ထပ်ပြောသည်။

"ခင်ဗျား သိပ်ကြာကြာ မနေရတော့ဘူး ဆိုတာပါ"

သူ ထိတ်လန့်ချောက်ချားစွာ တိတ်ဆိတ်သွားခဲ့ပါသည်။

( ၂ )

အတော်ကြီးကြာအောင် တိတ်ဆိတ်နေပြီးမှ သူ တိုးတိုးပြန်မေးမိသည်။

"ခင်ဗျား ဘယ်သူလဲ"

"အဲဒါ အရေးကြီးလို့လား၊ ခင်ဗျားအတွက် ဒီလောက်နည်းနေတဲ့ အချိန်မှာ"

လူစိမ်းက လေသံပြတ်ပြတ်နှင့် ဖြေသည်။

သူ သက်ပြင်းချသည်။

"ဘယ်လောက်လဲ"

"ဘာကိုလဲ"

"ကျွန်တော့်အချိန်လေ၊ ဘယ်လောက်လဲလို့"

လူစိမ်းက ခေါင်းခါပြသည်။

"မသိဘူးလေ၊ ခင်ဗျား ထင်တာထက်တော့ အများကြီး နည်းတယ်၊ တိတိကျကျတော့ ကျွန်တော်လည်း မသိဘူး"

သူ ငြိမ်၍ အကြာကြီး စဉ်းစားနေသည်။ ပြီးမှ တိုးတိုးမေးသည်။

"နှလုံးလား"

လူစိမ်းက ခေါင်းညိတ်ပြသည်။ သူက တက်ခေါက်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ခံစားစရာ ဆိုတာ လူတိုင်းဘဝမှာ ရှိတာပဲ၊ ခင်ဗျားက လိုက်ခံစား နေတာ၊ လောကဓံရှစ်ပါးကို တုန်လှုပ်နေရုံတင်မကဘူး၊ တုန်လှုပ်ရတာကို ခင်ဗျား အရသာခံနေခဲ့တာ၊ အဲဒီဒဏ်ရာတွေ ခင်ဗျား နှလုံးကို စုဆောင်တာ"

သူ သက်ပြင်းချသည်။

"ခင်ဗျား ပြောတာ မှန်ပါတယ်၊ ဒါတွေကို ကျွန်တော် အခု သဘော ပေါက်နေပါပြီ၊ လှတာလေး မြင်လည်း မတောင့်တတော့ဘူး၊ လှတာလေးကို ရရင်လည်း ကြည်နူးပစ်နိုင်တဲ့ အင်အား မရှိတော့ဘူး၊ မကျေနပ်စရာတွေလည်း မတုန်လှုပ်တော့ဘူး၊ ဘဝမှာ တော်တော်စိတ်ထားတတ်၊ နေတတ်သွားပြီ၊ ဒါပေမဲ့ အခု ခင်ဗျားပြောသလိုပဲ မနေရတော့ဘူးဆိုတော့ ဘဝမှာ နေတတ်သွားမှပဲ မနေရတော့ဘူး ဆိုတော့ ဘဝဆိုတာ ဘယ်မှာ တရားလို့လဲ"

လူစိမ်းက မဲ့ပြုံး ပြုံးသည်။

"ဆိုလိုတာက ခင်ဗျား အခု နေရဦးမယ်ဆိုရင် အဲဒီ ခံစားတာတွေ နောက်မှာ သာယာနေတာတွေ၊ စိတ်ဆင်းရဲနေတာတွေ မရှိဘဲ တည်တည်ငြိမ်ငြိမ် နေသွားတတ်ပြီပေါ့"

"ဒါပေါ့"

လူစိမ်းက ခေါင်းခါသည်။

"လေကားတောင် များများတက်ရင် မောနေပြီ၊ ဆံပင်လည်းဖြူ၊ ရုပ်လည်း အိုမင်းရင့်ရော်နေပြီ၊ ဒီအချိန်မှာကျမှ ခင်ဗျားဘဝမှာ အာရုံကလေးတွေ လာစရာအကြောင်းက ဘယ်မှာ ရှိတော့လို့လဲ၊ အဲဒါကို စိတ်ထားတတ်ပြီလို့ မခေါ်ဘူး"

သူ မခံချင် ဖြစ်သွားသည်။

"မဆိုင်ပါဘူးဗျာ၊ အာရုံတွေ မရနိုင်တော့လို့ စိတ်လျှော့လိုက်တာ မဟုတ်ဘူး၊ အာရုံတွေကို ခံစားနေ၊ တုန်လှုပ်နေတာ အဓိပ္ပာယ်မရှိဘူး ဆိုတာ ကို သဘောပေါက်သွားတာ၊ ဖြစ်နိုင်ရင် ခုနေ ငယ်ငယ်ကလေး ပြန်ဖြစ်ပြီး ဒီဦးနှောက်ထဲက အသိတွေက အခုအတိုင်း ကျန်ခဲ့မယ်ဆိုရင် မခံစားနေဘဲ ဘဝမှာ အကျိုးရှိရှိ နေပြလိုက်ချင်စမ်းတယ်"

လူစိမ်းက မဲ့ပြုံး ပြုံးသည်။

"စမ်းကြည့်လေ"

သူ့စကားမဆုံးခင်မှာပင် အမှောင်တိုက်က ပိတ်ဖုံးသွားသည်။

mgyoe.com

( ၃ )

ဘုရားရေ… ဒါ တကယ်ပဲလား အိပ်မက်ပဲလား။

အိပ်မက်နှင့်တော့ ပို၍ နီးစပ်နေသည်။

မှန်ထဲမှ မြင်နေရသည့် သူ့မျက်နှာက အသက် ၂၀ ကျော်အရွယ်က သူ ဖြစ်နေသည်။ ကိုယ်လုံးကိုယ်ထည်လည်း ပါးပါးလျားလျား၊ သွယ်သွယ် သပ်သပ်။

သည့်ထက် ပိုဆိုးတာက မှန်က အိမ်က မှန်တင်ခုံက မှန် မဟုတ်။ 'ပပဝင်း' ရုပ်ရှင်ရုံက လှေကားအတက်နံရံက မှန် ဖြစ်နေသည်။ ပပဝင်း ရုပ်ရှင်ရုံ မရှိတော့တာ ကြာလှပေါ့။

"ဟ… ကိုယ့်ရုပ်ကိုယ် ဘယ်လောက် လှတယ် ထင်လို့ ဒီလောက် ငေးကြည့်နေရတာလဲ လူပာန်ရဲ့"

နောက်က 'မင်းဝေ'၏ အသံပေါ်လာ၍ လှည့်ကြည့်သည်။

ဟုတ်ပါရဲ့။ မင်းဝေလည်း ၂၀ ကျော်အရွယ်ပဲ ရှိတာပါပဲလား။ မင်းဝေဘေးမှာ သက်ထားလည်း ရှိနေသည်။

လှလိုက်တာ။ ယခု ၅၀ ကျော်အရွယ်တွင်ပင် အလွန်အရွယ်တင်သည် ဟု လူတိုင်း ချီးမွမ်းရသူ သက်ထားတစ်ယောက် အသက် ၂၀ ကျော်အရွယ် တွင် ဘယ်လောက် လှခဲ့ဖူးသည် ဆိုတာကို သူ မေ့၍ပင်နေသည်။

လက်စသတ်တော့ သူ၊ မင်းဝေနှင့် သက်ထားတို့ သူငယ်ချင်းသုံးယောက် ရုပ်ရှင် အတူလာကြည့်နေကြတာကိုး။

ယနေ့ ပြသနေသည့် ရုပ်ရှင်ကြော်ငြာ ဆိုင်းဘုတ်ကို လှမ်းကြည့်တော့ 'Once Upon A Time in the West' တဲ့။ အနောက်ဘက်ဒေသမှာ တစ်ခါ က… ဆိုသည့်ကား။ ဟင်နရီဖောင်ဒါ၊ ကလော်ဒီယာကာဒီနေး၊ ချားလ်စ်ဘရွန် ဆွန်၊ ဂျေဆန်ရောဘတ်… ယခု မရှိတော့သည့် သို့မဟုတ် မရိုက်တော့သည့် မင်းသား၊ မင်းသမီးကြီးတွေချည်းပါ။

သေချာပါပြီ။ တစ်ခုခုကတော့ အကြီးအကျယ် မှားယွင်းနေလေပြီ။

"ဟဲ့- ငါ မေးတာကို မဖြေဘဲ ဘာကိစ္စ မှန်ကြည့်နေရတာလဲ"

သက်ထားက စိတ်မရှည်ဟန်ဖြင့် နှုတ်ခမ်းကလေး စူ၍ မေးသည်။

"နင် ဘာမေးလို့လဲ"

သူက အူကြောင်ကြောင်နှင့် ပြန်မေးတော့ ခြေဆောင့်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘာလဲဟာ၊ ဟီးရိုးလုပ်တဲ့ ချားလ်စ်ဘရွန်ဆန်ကိုလည်း သဘောမကျ၊ နာမည်အကြီးဆုံး မင်းသား ဟင်နရီဖောင်ဒါကိုလည်း သဘောမကျ၊ ဟိုရုပ်ဆိုးဆိုး လူကိုမှ ရွေးပြီး နင်က ဘာသဘောကျရတာလဲလို့ ငါ မေးနေတာလေ"

ဟုတ်ပြီ။ မှတ်မိပြီ။

လွန်ခဲ့သည့် အနှစ် ၃၀ တုန်းက သည်မေးခွန်းကို သူ မဖြေခဲ့။ မချိုမချဉ် ပြုံး၍ စကားလွှဲခဲ့သည်။ အဲသည်တုန်းကတော့ သူ အဲသလိုလုပ်လျှင် သူ လုပ်တာကို မခံချင်စိတ်၊ သိချင်စိတ်တို့ဖြင့် သက်ထား သူ့ကို ပိုစိတ်ဝင်စား သွားလိမ့်မည်ဟု သူ ထင်မိခဲ့သည်။

ထင်သလို ဖြစ်မလာပါ။ သက်ထားက ထိုနေ့ပြီး မျှားမကြာခင်မှာပင် မင်းဝေနှင့် ချစ်သူတွေ ဖြစ်သွားကြပါသည်။ သူက အသည်းကွဲပါသည်။

အသည်းကွဲ၍ဟု ဆိုကာ သူငယ်ချင်းတွေနှင့် တစ်ချိန်လုံး အရက် ထွက်သောက်နေသော သူ့ကို ခြေငြိမ်အောင် ဆိုပြီး သူ့ဖခင်ကြီးက သူတို့ ပိုင်သော ရုပ်ရှင်ကုမ္ပဏီကို ဦးစီးစေခဲ့ပါသည်။

အဲသည်မှာ သက်ထားထက် အများကြီး ပိုလှသော်လည်း သက်ထား မှာ ရှိသည့် ဦးနှောက်မျိုး ပါမလာသည့် မိန်းကလေးတွေ အများကြီးနှင့် သူ ဇာတ်လမ်းပေါင်းများစွာ ဖြစ်ခဲ့ပါသည်။

ရသာရုံတွေ၊ ရသာရုံတွေ။

ခံစားနေရတုန်းကတော့ ကောင်းသလိုလိုနှင့် နောက်ပိုင်းမှ ပြန်စဉ်းစား ကြည့်တော့ ကိုယ်က ရသာရုံတွေကို ခံစားခဲ့တာလား၊ ရသာရုံတွေက ကိုယ့်ကို စားသုံးသွားတာလား သိပ်မသေချာ။ ကုန်ခန်း ခြောက်ကပ်သွားခဲ့ရတာက ကိုယ့်ဘဝ၊ ကိုယ့်ခန္ဓာ ကျန်းမာရေးနှင့် စိတ်ကျန်းမာရေး။

ခုတော့ ၅၀ ကျော်မှာတင် သေရတော့မတဲ့။

ဒါပဲ ထင်သည်။

ဒီနေရာကလေးက အသက်ပဲ ဖြစ်သည်။

သက်ထား၏ သည်မေးခွန်းကလေးကို ချက်ပိုင်ပိုင် ဖြေလိုက်။

သက်ထားနှင့် ချစ်သူတွေ ဖြစ်။ အိမ်ထောင်ကျ။ တည်ငြိမ်နွေးထွေး သော ဘဝကလေးကို ပိုင်ဆိုင်။

ဒါပေါ့။

mgyoe.com

ဘဝကို အစကနေ တစ်ခေါက် ပြန်လျှောက်ခွင့်ရပြီ ဆိုလျှင် သည်လိုပဲ လုပ်ရမှာပေါ့။

အရင်တစ်ခေါက်တုန်းက ကြုံခဲ့ရသည့် အတွေ့အကြုံတွေကို မေ့မသွားဘဲ အသုံးချခွင့်ရနေသည်ကိုက ကျေးဇူးတင်ရမည်။ ဟိုလူစိမ်းကိုလား။ ဒါ သူပဲ လုပ်လိုက်တာလား။ ဒါတော့ မသိ။

"ဒီလိုလေဟာ၊ နင် ပြောတဲ့ အရုပ်ဆိုးဆိုးနဲ့ မင်းသား ဆိုတဲ့ ဂျေဆန် ရောဘတ်က လူဆိုး၊ ဟင်နရီဖောင်ဒါနဲ့ ဇာတ်လိုက် ချားလ်စ်ဘရွန်ဆန် နောက်ဆုံး သေနတ်ချင်း ယှဉ်ပစ်မယ့်အချိန်မှာ မင်းသမီး ကလော်ဒီယာကာဒီနေးဆီ ရောက်လာပြီး ကော်ဖီတစ်ခွက် တောင်းသောက်ပြီး ထိုင်နေတယ်လေ။ အပြင်က သေနတ်သံ ကြားတော့ မုတ်ဆိတ်ရိတ်နေရင်း ဓားတောင် ရှသွားသေးတယ်။ ပြီးတော့ အနိုင်ရသွားတဲ့လူ တဲထဲ ဝင်လာခါနီးမှာ သေနတ်ကို မသိမသာ ပြင်ထားတယ်။ ဝင်လာတဲ့လူဟာ ဟင်နရီဖောင်ဒါ မဟုတ်ဘဲ ချားလ်စ်ဘရွန်ဆန် ဖြစ်နေတာ တွေ့ရတော့မှ သေနတ် ပြန်သိမ်းပြီး ထွက်သွားတာ။ လမ်းကျတော့ အဲဒီ မတိုင်ခင်ကတည်းက သူ ရထားတဲ့ ဒဏ်ရာနဲ့ လဲကျပြီး သေတယ်။ ဆိုလိုတာက သူဟာ အဲဒီဒဏ်ရာနဲ့ သေရမယ် ဆိုတာ သိထားပြီးသား။ သူ တစ်ဖက်သတ် ချစ်နေတဲ့ မိန်းကလေး အန္တရာယ်မကင်းမှာစိုးလို့ တခြားကို ထွက်သွားပြီးမှ သေတာ။ ကိုယ် ချစ်တဲ့သူအပေါ် သူ ထားတဲ့ အနစ်နာခံစိတ်မျိုး ငါ သိပ်သဘောကျတာပဲ"

သက်ထား တွေဝေစွာ ခေါင်းညိတ်ပြသည်။ များမကြာမီ သူနှင့် သက်ထား ချစ်သူတွေ ဖြစ်သွားကြပါသည်။

## ( ၄ )

သက်ထားနှင့် ချစ်သူ ဖြစ်ရတာ တော်တော်ပျော်စရာကောင်းပါသည်။

ဂျီမကျတတ်သော၊ စိတ်မကောက်တတ်သော ချစ်သူတစ်ယောက် ရထားတာ တော်တော်ပျင်းစရာကောင်းလိမ့်မည်ဟု အများ ထင်လေ့ရှိသော်လည်း လက်တွေ့တွင် မမှန်ကန်ပါ။

မုန့်ဟင်းခါးဆိုင် ရောက်သည်နှင့် ကိုယ့်ဟင်းခွက်ကို အရင်နယ်ဖတ်ပေးပြီးမှ သူ့ပန်းကန်ကို သူ ကိုင်တတ်သော ချစ်သူကလေးဘဝမှသည် ညတီဗွီ လာသည့်အချိန်တွင် သူ့ပခုံးကို ဖွဖွကလေး မှီထားတတ်သည့် ဇနီးကလေး

mgyoe.com

mgyoe.com

ဖြစ်လာသည်အထိ သက်ထားကို ပျင်းစရာကောင်းသည်ဟု သူ တစ်ခါမျှ မထင်လိုက်မိပါ။

အဲသည် ချစ်စရာကောင်းသော ဇနီးက သူ့အတွက် ချစ်စရာကောင်းသော သားတစ်ယောက်နှင့် သမီးတစ်ယောက်လည်း မွေးဖွားပေးခဲ့ပါသည်။

( ၅ )

''သူငယ်ချင်းက အစက မစားရ ဝခမန်း ပြောလို့ အချိုကြီး ရမှာပဲလို့ တွက်ပြီး ဝင်ပါမိတာတဲ့၊ ပြီးတော့ အခုမှ မရှုနိုင် မကယ်နိုင် ဖြစ်တာတဲ့''

သက်မ တစ်ချက် ပင့်တင်မိသည်။

''သက်ထားက မတားဘူးလား''

''သက်ထားလည်း ခုမှ သိတာလေ''

ဧည့်ခန်းထဲတွင် တီဗွီဂိမ်း ထိုင်ဆော့နေသော ၁၉ နှစ်အရွယ် သားကို တစ်ချက် လှမ်းကြည့်မိသည်။ သူကောင်းသားကတော့ အပြစ်ဟူသမျှ မြူမျှမရှိသည့် ပီဘိကလေးလေးတစ်ယောက်လို ဝမ်းကွဲအစ်ကိုတွေနှင့် ရယ်မော နောက်ပြောင်နေသည်။

''သိပ်များတယ်ကွာ၊ တို့မှာလည်း ဘယ်ရှိမလဲ''

''အဘိုးကို သွားတောင်းတာ၊ အဘိုးက စိုက်လျော်လိုက်ပြီ၊ နောက် သာ ကလေးကို ကြည့်ထိန်းဖို့ သူ့အဖေကို ပြောလိုက်တဲ့''

အသက် ၆၀ အရွယ် ဖခင်ကြီး၏ မျက်နှာကို ရင်ဆိုင်ရမှာ ကြောက် စိတ်ဖြင့် ဘယ်ဘက် ရင်ဘတ်က တစ်ချက် အောင့်လာသည်။

( ၆ )

''သမီး ချစ်သူပါ''

အဖေ့မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်သော စကားထက် စားသောက် ဆိုင်ထဲမှာ ယောကျ်ားကလေး တစ်ယောက်နှင့် အတူထိုင်နေတာ အဖေနှင့် ပက်ပင်းတိုးမိသည်ကို မတုန်လှုပ်သော သမီး၏ မျက်နှာထားကြောင့် သူ ပို၍ ခံရခက်သည်။

သမီးက ၁၇ နှစ်လေ။ ချစ်သူ ဘယ်လိုလုပ် ရှိရတာတဲ့လဲ။

ပြီးတော့ ကောင်လေးကို သူက သိသည်။ ဗွီစီဒီ၊ ကာရာအိုကေတွေ မှာ မထင်မရှား သရုပ်ဆောင်နေသည့် မင်းသားရုပ် မရှိသော မင်းသားရူးကလေး

mgyoe.com

mgyoe.com SAMPLE BOOK


က ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ကြီးတစ်ဦး၏ မြေးမလေး၊ ရုပ်ရှင်ကုမ္ပဏီ အမှုဆောင် ဒါရိုက်တာ၏ သမီးနားကို ဘာကိစ္စ ရောက်နေသလဲ ဆိုတာ သိဖို့ ဗေဒင်မေးစရာ မလို။

"အန်ကယ် နေကောင်းပါသလား ခင်ဗျာ"

အလုံးကြီးကို မျိုချ။ ရင်ဘတ်က အောင့်။

## ( ၇ )

"သိပ်မကျန်တော့ဘူး"

လူစိမ်းက ခေါင်းကို ခါ၍ ပြောသည်။ သူ သက်ပြင်းချရပြန်သည်။

"နှလုံးပဲပေါ့"

လူစိမ်းက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ခင်ဗျားက အရင်မိန်းကလေးတွေနဲ့ ရှုပ်ပွေ ပျော်ပါးနေတာကိုမှ တဏှာလို့ ထင်နေတာ မဟုတ်လား၊ ဒါ ငါ့သား၊ ငါ့သမီး ဆိုတာလည်း တဏှာပဲ"

သူ ခေါင်းညိတ်သည်။

"ကျွန်တော် သိပါတယ်၊ မေ့သွားတာပါ" လူစိမ်းက ရယ်သည်။

"ဆရာတော်တွေ ပြောတဲ့ အဝိဇ္ဇာ ဆိုတာ အဲဒါပေါ့၊ အမှန်တရားကို မေ့မေ့သွားတာ၊ သူများက ဘဝအကူးမှာ မေ့တာ၊ ခင်ဗျားက ဘဝကို နောက်တစ်ခေါက် ပြန်ပေးလျှောက်တာတောင် တဏှာနဲ့ တွေ့တော့ မေ့သွားတာ ခင်ဗျား အလွန်ပဲ"

"တစ်ခါလောက်တော့ ထပ်စမ်းကြည့်ချင်သေးတယ်ဗျာ"

လူစိမ်းက ရယ်သည်။

"စမ်းကြည့်လေ"

## ( ၈ )

အိမ်မှာ ဖနီး စောင့်နေသည်ကို သူ၏ ဆဋ္ဌမအာရုံက ခပ်ရေးရေး သိသည်။ သို့သော် ထိုစောင့်နေသည့် ဖနီးက ဘယ်သူ ဆိုတာကို ရုတ်တရက် စဉ်းစား၍မပေါ်။ သူ့ပထမဘဝထဲကလို သူသည် အိမ်ထောင်မရှိသူ တစ်ဦး မဟုတ်။ သူ့ဒုတိယဘဝထဲကလို သူနှင့် သက်ထားလည်း လက်မထပ်ဖြစ်ခဲ့ဘူး ဟု ထင်သည်။

mgyoe.com

mgyoe.com

သူ့အလုပ်စားပွဲရှေ့မှာတော့ မိန်းကလေးတစ်ယောက် ထိုင်နေသည်။

အသက် ၂၀ ကျော်။ အသားက နှင်းပွင့်လို ဆွတ်ဆွတ်ဖြူသည်။ ဖြူမှာပေါ့။ ရှမ်းမကလေးပဲဥစ္စာ။

ရုပ်ကလေးက ထူးထူးခြားခြား မလှပေမယ့် လှသည်။ ပြီးတော့ ငိုနေသည်။

"စဉ်းစားပါဦးကွယ်၊ အစ်ကိုကြီးကတော့ မသွားစေချင်ဘူး"

အစ်ကိုကြီး... တဲ့။ ဟုတ်ပ။ သူ့အသက်က ၃၀ ကျော်လောက်။

ပြီးတော့ သူ့အသံက. တုန်ရီလို့က်ခါနေသည်။

"နန်း သွားမှ ဖြစ်မှာပါ အစ်ကိုကြီး၊ အဲသလိုတွေ အစွပ်စွဲခံရရင် နန်း ဘယ်လောက် ထိထိခိုက်ခိုက် နန်း ခံနိုင်ပါတယ်၊ အစ်ကိုကြီးကိုတော့ အထိခိုက်မခံနိုင်ဘူး"

သူ့ရင်က ကျဉ်တက်လာသည်။

"ပြီးတော့ နန်း အစ်ကိုကြီးကို မြင်နေရရက်နဲ့ အစ်ကိုကြီးနဲ့ သူစိမ်းတွေလိုလည်း မနေနိုင်ဘူး၊ နီးရက်နဲ့ ဝေးနေရတာမျိုးကို နန်း မခံစားနိုင်ဘူး"

ဘယ်ဘက်ရင်အုံသို့ ဓားတစ်ချောင်း စိုက်ဝင်သွားသည်။

"ကဲပါ နန်းရယ်၊ ဒီလိုလုပ်၊ အစ်ကိုကြီး ဆုံးဖြတ်လိုက်ပြီ"

## ( ၉ )

"မေ့ပြန်ပြီ မဟုတ်လား"

လူစိမ်းက ခနဲ့ပြုံး ပြုံး၍ မေးသည်။

'အေးဗျာ' ဟု သူ တိုးတိုးဖြေသည်။ လူစိမ်းက လက်က လက်ပတ်နာရီကို လှမ်းကြည့်သည်။

"အချိန်တော့ သိပ်မကျန်တော့ဘူး၊ ခင်ဗျား စမ်းကြည့်ချင်သေးရင်တော့..."

"လုပ်ပါဗျာ"

## ( ၁၀ )

အစည်းအဝေး ခန်းမကြီးထဲက စားပွဲဝိုင်းကြီး၏ ထိပ်ခုံမှာ သူ ရောက်နေသည်။

မျက်နှာက ပူနွေးနွေး ဖြစ်နေသည်။ နည်းနည်းလည်း ထူအမ်းအမ်း ဖြစ်နေသည်ဟု သူ ခံစားနေရသည်။

mgyoe.com

ရင်ခုန်နှုန်းက မြန်နေသည်။ သွေးလည်း တိုးနေလိမ့်မည်ဟု သူထင်သည်။

'အသက် ၄၀ ကျော်မှာ ဒီလောက် သွေးတိုးနေတာ မကောင်းဘူးနော်။ ကြာရင် ခင်ဗျား နှလုံးရောဂါပါ ဆက်လာလိမ့်မယ်။ အဆီ အဆိမ့်တွေ၊ အငန်တွေ မစားနဲ့။ စိတ်မတိုနဲ့၊ ဒေါသမကြီးနဲ့' ဆိုသည့် မိတ်ဆွေ ဆရာဝန်၏ စကားသံကိုပင် ပြတ်တောင်း ပြတ်တောင်း ကြားယောင်နေသည်။ နောက်တော့လည်း ဝေးသွားပြန်သည်။

"ကျွန်တော် မေကျာ့ရှယ်ယာဟိုလ်ဒါ တစ်ယောက်၊ ဒါရိုက်တာ တစ်ယောက် ဆိုပြီး ကျန်တဲ့လူတွေအပေါ်မှာ ဘာတစ်ခုမှ အခွင့်အရေး ပိုမယူဘူး ဆိုတာ အားလုံး သိပါတယ်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားကြတာပဲ မဟုတ်လား"

သူ့အသံကို သူတောင် မမှတ်မိ။

ကျယ်လွန်းသည်။ ပြီးတော့ ခက်ထန်လွန်းသည်။ တုန်ယင်၍လည်း နေသေးသည်။

စားပွဲဝိုင်းပတ်လည်တွင် ထိုင်နေကြသော ယောက်ျား၊ မိန်းမ ၁၀ ယောက်ခန့်မှာ မျက်နှာသေကလေးတွေနှင့် ခေါင်းငုံ့ထားကြသည်။

သူက စားပွဲပေါ်က စာရွက်တစ်ပုံကို လက်နှင့် သုံး လေးချက် ပုတ်ပြသည်။

"ရဲဘော်ရဲဘက်စိတ်လောက်တော့ ရှိသင့်တယ် မဟုတ်ဘူးလား၊ အခု ဒါက ဘာလဲ၊ ကျွန်တော် ဒီလူတွေနဲ့ ဘာလို့ တွဲလို့ မဖြစ်သလဲ၊ ဘာကြောင့် မတွဲချင်ရသလဲ အားလုံးကို အကြိမ်ကြိမ် ရှင်းပြပြီးသားပဲ မဟုတ်ဘူးလား၊ ဒီကြားထဲက ဒီလူတွေနဲ့ ကိုယ့်သဘောနဲ့ ကိုယ် သွားချိတ်ကြ၊ ဒီက အင်ဖော်မေးရှင်းတွေ ပေးကြတာ ကျွန်တော့်နောက်ကျောကို ဓားနဲ့ ထိုးတာသက်သက်ပဲ မဟုတ်ဘူးလား"

သူ့လေသံ ပိုကျယ်လာသည်။

"ပိုက်ဆံ ပိုရချင်တဲ့စိတ်နဲ့ ယုံကြည်မှုကို မစွန့်ဘူး၊ အများပြည်သူ အကျိုး နစ်နာမယ့် ကိစ္စမျိုးဆိုရင် လျှာမြက်ပေါက်ပါစေ မလုပ်ဘူးလို့ ကျွန်တော့် ယုံကြည်ချက်ကို အခါခါ..."

အား...

ဘယ်ဘက်ရင်ဘတ်က ထိုးအောင့်လာသည်။

mgyoe.com

mgyoe.com

စကားဆက်မပြောနိုင်ဘဲ ထိုင်ချလိုက်ရသည်။

( ၁၁ )

လူစိမ်းက နေရာမှ ထသည်။ နာရီကို ထပ်ငုံ့ကြည့်သည်။

သူက စိတ်ပျက်လက်ပျက် သက်ပြင်းချသည်။

"သွားတော့မလို့လား"

လူစိမ်းက ပခုံးတွန့်ပြသည်။

"တံခါးတစ်ချပ်က စွဲလမ်းခြင်းတဲ့၊ နောက်တံခါးတစ်ချပ်က မေ့လျော့ခြင်းတဲ့၊ ခင်ဗျား အခု ဒီအခန်းက တံခါးနှစ်ချပ်လိုပဲ၊ အသေပိတ်ထားတာ၊ ခင်ဗျားစိတ်က အဲဒီတံခါးနှစ်ချပ်ကို ကျော်ပြီးကို ထွက်လို့မရဘူး၊ ဒီလောက် ကျွန်တော် အကြိမ်ကြိမ် ခွင့်ပေးခဲ့တာတောင် တလည်လည်နဲ့ ဒီနေရာပဲ ပြန်ရောက်လာတယ်၊ ဒီအခန်းထဲက မထွက်နိုင်ဘူး၊ လျှောက်ဖူးပြီးသား လမ်းကြောင်းကို ပြန်လျှောက်ဖို့တောင် ခင်ဗျား တံခါးနှစ်ချပ် ဖွင့်မထွက်နိုင်ရင် မလျှောက်ဖူးသေးတဲ့ ခရီးတွေကို ခင်ဗျား ဘယ်လိုလုပ် လျှောက်မလဲ၊ ကျွန်တော် လက်လျှော့လိုက်ပြီလေ"

သူ ခေါင်းသာ ဖြည်းညင်းစွာ ယမ်းခါမိသည်။

"ဘယ်တတ်နိုင်မလဲဗျာ၊ ကိုင်း ခင်ဗျား ဘယ်သူလဲသာ ပြောသွားပါတော့"

လူစိမ်းက သူ့မျက်နှာကို ထူးဆန်းစွာ စိုက်ကြည့်သည်။

"ကျွန်တော်က ခင်ဗျားလေ"

"ဘာရယ်"

"ဒီတံခါးနှစ်ချပ်ကို ဖွင့်ထွက်နိုင်တဲ့ ခင်ဗျားဟာ ကျွန်တော်ပဲပေါ့။ ခုတော့ ခင်ဗျားလည်း မထွက်နိုင်၊ ကျွန်တော်လည်း မရှိနိုင်တော့ဘူး"


သူ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

လူစိမ်းက ပိတ်ထားသော တံခါးနှစ်ချပ်ကို ရေခိုးရေငွေ့လို ဖောက်ထွက် ပျောက်ဆုံးသွားပါသည်။

***Family* မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၂ ခုနှစ်။**

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# တစ္ဆေထရိန်နင်

အိပ်ရာနိုးလာတော့ ခေါင်းထဲတွင် ကြည်လင်နေသည်။

ညက ဆိုးနေသည့် ချောင်းလည်း ဘယ်ရောက်သွားမှန်း မသိ။ လည်ပင်းနာတာလည်း မရှိတော့။ ပကတိ ပေါ့ပါးစွာ။

အိပ်ရာထဲက ဖျတ်ခနဲ ခုန်ထလိုက်သည်။ ခါတိုင်းဆိုလျှင် အိပ်ရာထဲက ထခါနီး အရှိန်ယူရသည်က နာရီဝက်။ ခေါင်းမှ မကြည်တာကိုး။ ခေါင်းမကြည်ရသည့် အကြောင်းရင်းကလည်း အိပ်ပျော်နေစဉ် အသက်ရှူမဝတာ ဖြစ်သည်။

Obstructive Sleep Apnoea တဲ့။

အသက် ၂၄ နှစ်ကတည်းက သူ ဆရာဝန်ဖြစ်ခဲ့သော်လည်း အဲဒီ စကားလုံးကို သူ အသက် ၃၀ ကျော်ပြီး အထူးကုဆရာဝန် ဖြစ်တော့မှ သိသည်။

အိပ်ပျော်နေစဉ် လေပြွန်ပိတ်ဆို့နေသဖြင့် အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေသောကြောင့် အိပ်ရာနိုးလာပြီးနောက် တစ်နေ့လုံး မကြည်လင်၊ မလန်းဆန်းသည့် ဝေဒနာ ဖြစ်သည်။ ဘေးလူကတော့ သိသည်။ ဟောက်သံကြီး ထွက်နေတာကိုး။ ကာယကံရှင်ကတော့ နိုးချည်ပြန်လှည့် အိပ်သွားချည်။

mgyoe.com

m gyoe.com SAMPLE BOOK

အသက် ၄၀ ကျော်မှာတော့ သူကိုယ်တိုင် အဲဒီဝေဒနာ စ၍ ခံစားရသည်။ ဖနီးဖြစ်သူက 'သိပ်ဟောက်တာပဲ၊ အိပ်မရဘူး' ဟု ညည်းတွားလာသည်။

အသက် ၅၀ ပြည့်သည့် အချိန်မှာတော့ ဖနီးက လက်နက်ချသွားသည်။ အိပ်ရာပါမက အခန်းပါ ခွဲ၍ အိပ်တော့သည်။ ဘယ်လိုမှ အိပ်မရတော့ပါ... တဲ့။

တစ်ခါတလေ သူ ပေါက်တီးပေါက်ရှာ တွေး၍ ပြုံးမိတာလေး ရှိသည်။ အသက်ထက် သိသိသာသာ ငယ်သော ရုပ်နှင့် အသက်ထက် သိသိသာသာ ပိုသော အောင်မြင်မှု တချို့ကို ရထားသူ တစ်ဦးပီပီ သူ့ကို 'အကဲစမ်း' ချင်သည့် မိန်းကလေးတချို့ကို ကြုံတွေ့ဖူးသည်။

တကယ်တော့ သူက အဲဒီကိစ္စမှာ အလွန် တည်ကြည်သူတစ်ဦး ဖြစ်သည်။ တည်ကြည်ရသည့် အကြောင်းကလည်း ဖနီးအပေါ်မှာ သစ္စာရှိချင်တာထက် မြတ်စွာဘုရား၏ ဂုဏ်ကို ကြည်ညိုတာကြောင့် ဖြစ်သည်။

နည်းနည်းတော့ နားထွေးမည် ထင်သည်။ သည်လို။

သူ ဆယ်ကျော်သက်အရွယ်မှာကတည်းက ကျေးဇူးရှင် ခမ္မကထိက ဆရာတော်ဘုရားများ ရေးသားသည့် စာအုပ်များ ကျေးဇူးနှင့် သူ့ရင်ထဲက ဘုရား၏ဂုဏ်၊ တရား၏ဂုဏ်၊ သံဃာ၏ဂုဏ်ကို ကြည်ညိုမှုက မိရိုးဖလာ ဗုဒ္ဓဘာသာ အဆင့်ကို အများကြီး ကျော်ခဲ့သည်။

ဘဝမှာ ရင်ဆိုင်မိလေသမျှ တိုက်ပွဲတိုင်း၊ စိန်ခေါ်မှုတိုင်းမှာ ပင်ပန်းဆင်းရဲတာကို သည်းညည်းခံရသော်လည်း အဆုံးသတ်မှာ အမြဲလိုလိုနီးပါး အောင်မြင်မှုကို သိမ်းပိုက်ခွင့်ရလေသောအခါ ဒါ ရှေးဘဝက ကံအကြောင်း တစ်ခုခု၊ ပါရမီတစ်ခုခု ပါခဲ့လို့ပဲဟု နားလည်မိသလို တစ်ချိန်တည်းမှာပင်လျှင် ဘဝမှာတော့ သူ သံသရာအတွက် ပါရမီမျိုးစေ့ ဘာမှ တကယ် လက်တွေ့ချမနေမိဘူး ဆိုတာကိုလည်း ချောက်ချားစွာ တွေးမိနေတတ်သေးသည်။

တရားထိုင်၊ တရားစခန်းဝင်ဖို့ မပြောနှင့်၊ ဘယ်'သုတ်'တစ်ခုမှတောင် အလွတ်မဆိုနိုင်သူက မိရိုးဖလာမကသော ဗုဒ္ဓဘာသာဝင်ပါပဟု ကိုယ့်ကိုယ်ကိုယ် ခံယူရတာ နည်းနည်းတော့ မခက်ပေဘူးလား။

အဲဒီကိစ္စအတွက် သူ့မှာ ပြောစရာကလေး တစ်ခု ရှိနေသေးတာကတော့ သူက ဘုရားစကား နားထောင်ရတာ၊ တစ်နည်းအားဖြင့် မြတ်စွာဘုရား

mgyoe.com

mgyoe.com

၏ အဆုံးအမတော်တို့ကို ရိုသေစွာ လိုက်နာရတာကို ဝန်မလေးရှိသာမက ကြည်နူးနေတတ်သူတစ်ဦး ဖြစ်ပါသည်။

လောကီနယ်ပယ်မှာ အောင်မြင်သလောက် အလုပ်များ၊ များသည့် အလုပ်တွေကလည်း ကိုယ့်အကျိုးထက် အများအကျိုးအတွက်က များနေသည်မို့ လျော့ရအခက်။ သည်ဘဝမှာ ဖြည့်နိုင်သော ပါရမီ ဆိုလို့တော့ သည်ပါရမီလေးသာ မြင်တော့သည်။

ဝိပဿနာမပါဘဲ သေရွာကို သွားရမှာ ကြောက်စရာကောင်းမှန်း သူ သိပါသည်။ အထူးသဖြင့် သူ့လို လုပ်လက်စ အလုပ်တန်းလန်းတွေအပေါ်မှာ အာရုံစူးစိုက်လွန်းသူ တစ်ဦး၊ အသက်ကလည်း ၅၀ ကျော်နေပြီ။ ကျန်းမာရေးကလည်း ထွေလာပြီ။ ယခုနေများ ခေါက်ခနဲ သေလိုက်လို့ကတော့ နောက်ဘဝမှာ ပါရမီဆက်ဖြည့်နိုင်ဖို့ နေနေသာသာ လူဖြစ်ဖို့တောင် မလွယ်ပါ။ လူတွေကြားထဲမှာပဲ နေရပြီး လူတွေနှင့်လည်း ဆက်သွယ်ခွင့်မရသည့် ပြိတ္တာခေါ် တစ္ဆေများ ဖြစ်နေမှဖြင့် ဆိုသည့် အတွေးဖြင့် တစ်ခါတလေ ညည ထထိုင်ပြီးပင် ချောက်ချားနေခဲ့ဖူးပါသည်။

မကောင်းမှုပြုဖို့ကို မဆိုထားနှင့်၊ သိနှင့်ပြီးသော၊ လုပ်သင့်သော ကောင်းမှုတို့ကို ပြုရန် ပျက်ကွက်နေတာကိုပင် သည်မျှ ချောက်ချားနေတတ်သူက 'အကဲစမ်း'တာတွေကို မတုန်လှုပ်မိရခြင်း အကြောင်းရင်းက ရှင်းနေပါသည်။ မကောင်းမှုအာရုံတွေကို မကောင်းမှုဟုပဲ မြင်တတ်၍၊ တစ်နည်းအားဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ကြည်ညိုတတ်လွန်း၍ ဖြစ်ပါသည်။

အတွင်းသဏ္ဌာန်က အဲသလို လေးလေးနက်နက်တွေ တွေးချင် တွေးနေတတ်သောသူ ဖြစ်လင့်ကစား အပြင်သဏ္ဌာန်ကမူ ရယ်စရာ မောစရာ ပြောဖို့ အာဝဇ္ဇန်းရွှင်တတ်သူပီပီ အဲဒီမိန်းကလေးတွေကို သူ နောက်တီးနောက်တောက် မေးချင်နေတာ ရှိနေခဲ့ပါသည်။

'တစ်ယောက်တောင် ငါ ဟောက်တာ မခံနိုင်လို့ ပြေးပြီ။ နင်တို့က ခံနိုင်မှာမို့လား' ဟု။

တကယ်တော့ ဘေးက လူကသာ ခံရတာ မဟုတ်ပါ။ သူလည်း အိပ်ရေး မဝတဝနှင့် တစ်နေကုန် ရုန်းကန်လှုပ်ရှားရသဖြင့်၊ အထူးသဖြင့် သူ့အလုပ်တွေကလည်း ဉာဏ်နှင့် မျက်စိကို အသုံးပြုရတာချည်းပဲ ဖြစ်နေ၍ တစ်ချိန်လုံး နောက်ကျိမှုံးဝေနေတတ်ပါသည်။

mgyoe.com

m g y o e . c o m SAMPLE BOOK

အထူးသဖြင့်ကတော့ အရင်တစ်ရက် နှစ်ရက်လောက်ကတည်းက သူ နည်းနည်းအအေးမိနေခဲ့တာ ဖြစ်သည်။ အသက် ၅၀ က အခုမှ စကျော်တာ ဖြစ်သော်လည်း အအေးမိတာ သာမန်ကလေးကနေ အပြင်းအထန် နာတာရှည်နေမကောင်းတာမျိုး ဖြစ်တာ တစ်ခါမကတော့ပြီမို့ သူ့ကိုယ်ခံအားကို သူ သိပါသည်။ စိတ်ပူပါသည်။

ပြီးတော့ သည်နေ့ စနေနေ့မှာရော၊ မနက်ဖြန် တနင်္ဂနွေနေ့မှာရော အရေးကြီးသည့် ပွဲတချို့ တက်ရောက်ဖို့ ရှိနေသည်မို့ ဒီမနက် အိပ်ရာထမှာ နေမကောင်းဖြစ်နေမှာကို သူ အလွန်စိတ်ပူနေမိခဲ့ပါသည်။

ယခုတော့ ကံအားလျော်စွာပင် လည်ချောင်းထဲမှာရော၊ ခေါင်းထဲမှာရော ကြည်လင်နေသည်။ တော်သေးတာပေါ့။

အဲဒီမှာ သူ သွားသတိရသည်။

ဒီနေ့ပွဲက ဆေးပညာဆိုင်ရာ ဟောပြောပွဲ။ နိုင်ငံခြားသား ဆရာဝန်ကြီး နှစ်ဦးနှင့်အတူ သူ့လက်အောက်က ပါမောက္ခ အဆင့်ရှိ မြန်မာဆရာဝန်ကြီး တစ်ဦးတို့ ဟောပြောကြမည်။ သူက သဘာပတိ လုပ်ရမည်။

ဒီတော့ မိန့်ခွန်းပြောရမည်။ မိန့်ခွန်းက အင်္ဂလိပ်လို၊ ငါ တစ်လုံးမှလည်း မရေးရသေးပါလား။

ဘယ်ရေးရမလဲ။ ဆေးသောက်ပြီး အိပ်အိပ်ပစ်လိုက်တာက နှစ်ရက်ရှိနေပြီကိုး။

ကဲ… ကော်ဖီတစ်ခွက် အရင်သောက်ပြီးမှ ရေးဦးမှပဲ။

ကော်ဖီဖျော်ထားဖို့ အိမ်အကူ ကလေးမကို လှမ်းပြောမည် ဆိုသည့် ရည်ရွယ်ချက်ဖြင့် အောက်ထပ်ဆင်းသော လှေကားဝသို့ လျှောက်ခဲ့သည်။ ကလေးမကလေး အမည်ကို လှမ်းအော်ခေါ်သည်။

သူ လက်တို့ ကျဉ်ခဲအေးစက်သွားပါသည်။

ဘုရား… ဘုရား…

သူ ပါးစပ်လှုပ်လိုက်တာ သေချာသော်လည်း ဘာအသံမှ ထွက်မလာပါ။

( ၂ )

သူ တုန်လှုပ်ချောက်ချားစွာဖြင့် ပရိသတ်ကြီးကို ဘယ်ပြန် ညာပြန်လှည့်ကြည့်မိသည်။

mgyoe.com